# မြဝတီ

The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday, 16 October 2023 ၁၁၂၅၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) (MICC – II)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးနှင့်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိ ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေး ပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ် များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုး ရာတွင် စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**


စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၄၂၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ » ၂

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားမှ ငြိမ်းချမ်းရေးစကားသံများ တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၇

ကြေးမုံ

# NCA အခြေခံမှုများကိုလိုက်နာ၍ ထာဝရငြိမ်းချမ်းရေးဆီသို့

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC–II) ၌ နိုင်ငံရေးအဓိပ္ပာယ်အနှစ်သာရရှိစွာဖြင့် ခမ်းနားထည်ဝါဂုဏ်ယူဖွယ်ရာ ကျင်းပခဲ့သည်။ NCA သည် တိုင်းရင်းသားပြည်သူများ မျှော်လင့်ချက်၊ ပြည်ထောင်စုကြီး ရည်မှန်းချက်၏ ကနဦးအချက်ဖြစ်သည်။

NCA ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့သည့်စာချုပ်ဖြစ်သည်။ ထိုစာချုပ်ကြီးမှာ ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးထားသောစာချုပ်ကြီးဖြစ်၍ မည်သည့်အချိန်မျှ ပျက်ပြယ်မှုလုံးဝမရှိဘဲ တည်ရှိနေသည့်သမိုင်းဝင်စာချုပ်ကြီးဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးကြသော ဦးဆောင်ပုဂ္ဂိုလ်များအားလုံးသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည်။

NCA စာချုပ်သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ကို ဦးတည်ထားသည့်စာချုပ်ဖြစ်သည်။ စာချုပ်ကြီးသည် အပစ်အခတ်ရပ်စဲရေးဆိုသော်လည်း ပြည်ထောင်စုကြီး ထာဝရ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး သာယာဝပြောရေးကို ရှေးရှုထားသည်။ ထို့ကြောင့် ပြည်ထောင်စုကြီးအနာဂတ်အတွက် ပိုမိုကောင်းမွန်သောအချက်များပါရှိသဖြင့် စာချုပ်တွင် နှစ်ဖက်အပြန်အလှန်ထားရှိကြသော ကတိကဝတ်များကို စောင့်ထိန်း၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည်။

NCA စာချုပ် လက်မှတ်ရေးထိုးပြီးသည့် ရှစ်နှစ်တာကာလအတွင်း တိုးတက်မှုများ ရှိသလို စိန်ခေါ်မှုများစွာလည်းရှိခဲ့သည်။ စာချုပ်တွင် တိုင်းရင်းသားပြည်သူများ လိုလားမျှော်လင့်လျက်ရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုကို ရှေးရှု ဖော်ဆောင်ထားပြီး အဆိုပါရည်မှန်းချက်များ အောင်မြင်အောင် တစိုက်မတ်မတ်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စိတ်ဝမ်းကွဲစေသည့်အချက်များကို သတိပြုရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို လိုလားပါသည်ဆိုသော ပြည်တွင်းမှ နိုင်ငံရေးပါတီတစ်ခုနှင့် ပြည်ပမှ ဒီမိုကရေစီနိုင်ငံကြီးအချို့က ဟန့်တားနှောင့်ယှက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

NCA သည် ပြည်တွင်း/ပြည်ပ အသိသက်သေများရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်တစ်ခုဖြစ်၍ မည်သည့်အခါမျှ ပျက်ပြယ်ခြင်းမရှိ၊ မည်သို့မျှ ဖျက်ဆီးခွင့်မရှိသည့် အရေးကြီးသည့် စာချုပ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် ရှေးရှုဦးတည်ထားသော စာချုပ်ဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံကျသည့် စာချုပ်ဖြစ်သည်။ NCA သည် နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ရေးဆွဲထားသည့်စာချုပ်ဖြစ်၍ NCA မူဘောင်နှင့်အညီ ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်သည်။ ထို့အပြင် တိုင်းရင်းသားပြည်သူများနှင့် အဓိကသက်ဆိုင်သည့် ပြည်သူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာနှင့်ဘဝတို့ကို ထိခိုက်စေသည့် လုပ်ရပ်မှန်သမျှတို့ကို ရှောင်ကြဉ်ရန်၊ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ထားသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာတို့ကို နှောင့်ယှက်ခြင်းမပြုရန်၊ အမျိုးသမီးများနှင့် ပြည်သူများ၏ ဘဝလုံခြုံမှု မထိခိုက်စေရန်တို့ပါဝင်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အပစ်ရပ်နယ်မြေအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုပြီး ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရန်ဟူသည့်အချက်များပါဝင်သဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ NCA စာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးအတွက် အရေးပါသည့်စာချုပ်ဖြစ်ရာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် NCA အခြေခံမှုများကို လက်တွေ့လိုက်နာဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာအောင် အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၄၂၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့ စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေ ၄၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## လပွတ္တာမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**လပွတ္တာ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် သနပ်ဖက်ကျေးရွာနှင့် ကရင်မချောင်းကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ် ဦးစီးမှူး ဦးမြတ်ကျော်သူ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ သနပ်ဖက်ကျေးရွာနှင့် ကရင်မချောင်းကျေးရွာတို့တွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ကွန်ကရစ်လမ်းများသည် အရှည်ပေ ၁၁၁၀၊ အကျယ် ခြောက်ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သန်း ၃၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ခြောက်သန်းတို့ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | – ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာပြင် | – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန္တလေး – ၀၁–၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

○ ရှေ့ဖုံးမှ

ပါဝင်ခဲ့ကြသည့်အသိသက်သေများ၊ NCA ညှိနှိုင်းဆွေးနွေးစဉ်က ပါဝင်ခဲ့ကြသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်း ကော်မတီ(UPWC)တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) မှ တာဝန်ရှိသူများ၊ အိမ်နီးချင်း နိုင်ငံများ၏ အထူးကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် စောမူတူးစေးဖိုး၊ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)မှ ကိုယ်စားလှယ် စိုင်းမျိုးသန့်တို့က တိုင်းရင်းသားများနှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များသည် (MICC–II) Lobby ၌ ခင်းကျင်းပြသထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သတင်းစာများက ပြောသော ငြိမ်းချမ်းရေးသမိုင်း မှတ်တမ်းပြခန်း၊ ငြိမ်းချမ်းရေး ကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံများ ပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြခန်း၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနပြခန်း၊ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား၏ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုင်းရင်းသား ဘာသာများဖြင့် ထုတ်လွှင့်မှု သရုပ်ပြပြခန်း၊ ပြည်ထောင်စုအလှ ထာဝရ မှတ်တမ်းဓာတ်ပုံများ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို(MICC–II) Plenary Hall ၌ ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို LED Animation ဖြင့် စတင်ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် အလံအား စုပေါင်းအလေးပြုကြသည်။

ယင်းနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြု ဖော်ကျူးထားသည့် "ငြိမ်းချမ်းသော ပန်းကမ္ဘာဆီသို့" တေးသီချင်းကို အနုပညာဦးစီးဌာနမှ အကအဖွဲ့က ဖျော်ဖြေတင်ဆက်ကြပြီး NCA ပေါ်ပေါက်လာပုံနှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပုံဖော်ထားသည့် "NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့ " Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ဆိုင်ရာ မိန့်ခွန်းပြောကြားသည်။ ထိုသို့ မိန့်ခွန်း ပြောကြားရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘော တူစာချုပ်(NCA) ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း၊ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်လာမှု၊ တပ်မတော်အစိုးရ လက်ထက် ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် NCA ဆက်စပ်မှု၊ ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ဆိုင်ရာများ၊ PR စနစ်နှင့် တိုင်းရင်းသားပြည်သူ အားလုံး အကျုံးဝင်မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်၏ ငြိမ်းချမ်းရေးကြိုးပမ်းမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေး မျှော်မှန်းချက်များနှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိမှု စသည်တို့နှင့်ပတ်သက်၍ ကဏ္ဍအလိုက် ပြည့်ပြည့်စုံစုံ ထည့်သွင်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)** **စာမျက်နှာ ၄ သို့ ○**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် စောမူတူးစေးဖိုး၊ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ် စိုင်းမျိုးသန့်တို့ တိုင်းရင်းသားများနှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများက "ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အစိုးရဘက်မှ NCA လက်မှတ်ရေးထိုးထားသူများ၊ ပြည်တွင်းအသိသက်သေများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ စာမျက်နှာ ၃ မှ

ဆက်လက်၍ NCA လက်မှတ်ရေးထိုးခဲ့ကြသော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS(SSA) အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်တို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားများ ပြောကြားကြသည်။ **(ဂုဏ်ပြုစကားများကို စာမျက်နှာ ၁၀ တွင် ဖော်ပြထားပါသည်)။**

**ဂုဏ်ပြုစကားများပြောကြား**

ယင်းနောက် NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာ အသိသက်သေများ၏ ကိုယ်စားလှယ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun၊ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Sihasak Phuangketkeow နှင့် NCA လက်မှတ်ရေးထိုးခဲ့သည့် ပြည်တွင်းအသိသက်သေများ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) ဦးအောင်မင်းတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားများ ပြောကြားကြသည်။ **(ဂုဏ်ပြုစကားများကို စာမျက်နှာ ၁၁၊ ၁၂၊ ၁၃ တို့တွင် ဖော်ပြထားပါသည်)။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များသည် NCA-S-EAO တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရသည့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ အိမ်နီးချင်းနိုင်ငံများ၏ အထူးကိုယ်စားလှယ်များ၊ EAO အထောက်အကူပြုများနှင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံတမန်များနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အစိုးရဘက်မှ NCA လက်မှတ် ရေးထိုးထားသူများ၊ ပြည်တွင်း အသိသက်သေများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင် ဆောင်ရွက်ခဲ့သူများနှင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ကော်မတီ၊ ကော်မရှင်များမှ ပုဂ္ဂိုလ်များ၊ တပ်မတော် အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား/တိုင်းရင်းသူများက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဂုဏ်ပြုဖော်ကျူးထားသည့် "ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" တေးသီချင်းဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသား/တိုင်းရင်းသူများက "ပြည်ထောင်စုရဲ့ မြောက်ဘက်ဆီသို့ အလည်လာပါ"၊ "ကယားတို့၏ သဘာဝအလှနှင့် စုပေါင်းအက"၊ "ငြိမ်းချမ်းဝေဆာ ပြည်မြန်မာ"၊ "စည်းလုံးခြင်း" တေးသီချင်းတို့ဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အ အကွာရာ အောင်ပါစေ" တေးသီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် **စာမျက်နှာ ၅ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် အကအဖွဲ့များကို ငြိမ်းချမ်းရေးဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

❍ စာမျက်နှာ ၄ မှ

ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသား/တိုင်းရင်းသူများက "ဝန်းရံကြမည် အမိမြန်ပြည်"၊ "လည်ဇောင် လာပါ ပြည်ခညာ" "ရှမ်းတောင်တန်း အလှနှင့် ရှမ်းတို့ရိုးရာအက" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ စုပေါင်း၍ "သွေးရင်းများပီပီ" တေးသီချင်းဖြင့် လည်းကောင်း သရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ကြသည်။



### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားအကအဖွဲ့များကို "ငြိမ်းချမ်းရေး ဂုဏ်ပြုပန်းခြင်း"နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားအကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### တည်ခင်းဧည့်ခံ

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့တို့က ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ သံတမန်များနှင့် အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ထပ်မံပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ NCA စာချုပ်သည် တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်းမျိုး မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုလားချက်များနှင့် အဆိုပြုချက်များကို မူတည်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်း သဘောတူရေးဆွဲထားသည့်စာချုပ်တစ်ခုဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့များကို (၄)နှစ်ဆက်တိုက် ကျင်းပနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ကို အခမ်းအနားကျင်းပနိုင်ခဲ့မှု မရှိသော်လည်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့၍ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် နှစ်ပတ်လည်နေ့များကို ပြန်လည်ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ယနေ့တွင် ကျရောက်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအား နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- ❖ **NCA စာချုပ်သည် တစ်ဦးတစ်ယောက်တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုလားချက်များနှင့် အဆိုပြုချက်များကို မူတည်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်း သဘောတူရေးဆွဲထားသည့် စာချုပ်တစ်ခုဖြစ်**
- ❖ **NCA စာချုပ် လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့များကို (၄)နှစ်ဆက်တိုက် ကျင်းပနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ကို အခမ်းအနားကျင်းပနိုင်ခဲ့မှုမရှိသော်လည်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့၍ နှစ်ပတ်လည်နေ့ကိုဂုဏ်ပြုခဲ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက် ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သော တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် အရေးကြီးသည့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့အခမ်းအနားကို တရုတ်နိုင်ငံကိုယ်စား လာရောက်တက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြန်လည်ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ NCA လမ်းကြောင်းပေါ်မှ ခိုင်မာစွာရပ်တည်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံမှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ခိုင်မာစွာရပ်တည်ထောက်ခံလျက်ရှိသည့် အခြေအနေနှင့် နိုင်ငံပြိုကွဲစေမည့် လုပ်ဆောင်မှုများကို လက်ခံမှုမရှိသည့်အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အခြေပြု၍ အိမ်နီးချင်းနိုင်ငံများ၏ အကျိုးစီးပွားကိုထိခိုက်စေမည့် လုပ်ဆောင်ချက်များကို လက်သင့်ခံမှုမရှိသည့်အခြေအနေ၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် NCA စာချုပ်ကဲ့သို့ခိုင်မာမှု၊ တရားဝင်မှုရှိသည့် စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိဘဲ သဘောတူညီချက်များ၊ ကတိကဝတ်များဖြင့်သာ ဆောင်ရွက်ခဲ့ကြမှုအခြေအနေနှင့် ခိုင်မာလေးနက်တရားဝင်မှုရှိသည့် NCA လမ်းကြောင်းအပေါ် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရန် တိုက်တွန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းမှုအပေါ် ခိုင်မာစွာရပ်တည်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းတို့သည် မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၈)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား–**

လွန်ခဲ့တဲ့(၈)နှစ်က အခုလိုအချိန်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)မှာ ပါဝင်ကြသူများ၊ NCA စာချုပ်ကြီး လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းနဲ့ နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်ထောင်စုကြီးအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) စာချုပ် ချုပ်ဆိုခဲ့တဲ့ (၈)နှစ်မြောက်နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီပထမအစိုးရလက်ထက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုဟာ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်းနဲ့ ဆက်လက်ဆွေးနွေးမှုများကရရှိလာတဲ့ ရလဒ်တွေကို အခြေခံပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ NCA စာချုပ်ဆွေးနွေးညှိနှိုင်းရေးဆွဲရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ လိုလားချက်တွေကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်တိုင် တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းတွေပြုလုပ်ပြီး နိုင်ငံတော်အဆင့် သဘောတူညီချက် စာချုပ်အဖြစ် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ ငြိမ်းချမ်းရေးရရှိနိုင်ဖို့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မရှိဘူးတဲ့ လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ ငြိမ်းချမ်းရေးကို လိုလားမှုတို့အတွက် သမိုင်းမှတ်တိုင်လည်းဖြစ်ပါတယ်။

NCA စာချုပ်ဟာ လွယ်လင့်တကူဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်တဲ့နေ့ကစပြီး NCA စာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ မျှ ကြာမြင့်ခဲ့ပါတယ်။ အဲဒီကာလအတွင်း အစည်းအဝေးတွေ၊ တွေ့ဆုံညှိနှိုင်းမှုတွေ စုစုပေါင်းအကြိမ် ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ရပါတယ်။ ဒီလိုကြိုးစားပြီး ဆောင်ရွက်ခဲ့တာကြောင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်မှာ ခမ်းနားထည်ဝါစွာ NCA စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားတဲ့ သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မျှ ပျက်ပြယ်မှုမရှိဘဲ တည်တံ့နေမည့် စာချုပ်ဖြစ်တာကြောင့် တပ်မတော်အနေနဲ့ NCA စာချုပ်အပေါ်မှာသာ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပေါ်လာခဲ့တာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။

နှစ်ပေါင်း ၇၅ နှစ်ကျော်လွန်ခဲ့ပြီ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခ ဘာ့ကြောင့်ဖြစ်ပွားနေရတာလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်ဖို့လည်း လိုပါလိမ့်မယ်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလမှာ အားနည်းချက်တွေကိုသိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းစေမှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့ဟာ ၁၈၂၄ ခုနှစ်ကစလို့ မတရားကျူးကျော်စစ် သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကို သွတ်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံကို အရှည်သဖြင့် ကျွန်ပြုနိုင်ဖို့အတွက် ၁၈၈၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ အထက်မြန်မာပြည် ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၈၈၈ ခုနှစ်မှာ ရှမ်းပြည်နယ်အက်ဥပဒေ၊ ၁၈၈၉ ခုနှစ်၊ စက်တင်ဘာလမှာ မြန်မာပြည်ကျေးရွာဥပဒေ၊ ၁၈၉၅ ခုနှစ်မှာ ကချင်တောင်တန်း လူမျိုးစုများစည်းမျဉ်းဥပဒေ၊ ၁၈၉၆ ခုနှစ်မှာ ချင်းတောင်တန်းစည်းမျဉ်းဥပဒေ၊ ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ရှမ်းပြည်နယ်ကို အုပ်ချုပ်ဖို့ ပဒေသရာဇ်ကောင်စီကိုဖွဲ့စည်းပြီး ရှမ်းပြည်တောင်ပိုင်းနဲ့ မြောက်ပိုင်း ခွဲခြားခြင်းစသည်ဖြင့် တောင်ပေါ်မြေပြန့်တစ်ခုချင်းစီကို ဥပဒေတွေ ပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခဲ့ကြပါတယ်။ ဒ့ါအပြင် မြန်မာပြည်မကို အုပ်ချုပ်ရာမှာလည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ ၁၉၃၇ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တဲ့ **“၉၁ ဌာန အုပ်ချုပ်ရေးစနစ်”**မှာ ၎င်းတို့အုပ်ချုပ်ရေးကို အထောက်အကူပြုဖို့ အောက်လွှတ်တော်မှာ အမတ် ၁၃၂ ဦး ရွေးချယ်ရပါတယ်။ ဒီလိုရွေးချယ်ရာမှာ မြန်မာပြည်မြို့ကြီးများမှ ၁၃ ဦး၊ တောမြို့–တောနယ်မှ ၇၈ ဦး၊ ကရင်တောနယ်မှ ၁၂ ဦး၊ အိန္ဒိယ ၁ ဦး၊ အင်္ဂလိပ်ကပြား ၂ဦး၊ အိန္ဒိယကုန်သည်အသင်း ၂ဦး၊ တရုတ်ကုန်သည်အသင်း ၁ ဦး၊ မြန်မာကုန်သည်ကြီးများအသင်း ၅ ဦးစသဖြင့် ထည့်သွင်းထားတာကို တွေ့ရပါတယ်။ တိုင်းရင်းသားလူမျိုးများစွာ ပျံ့နှံ့စုပေါင်းနေထိုင်နေတဲ့ မြန်မာနိုင်ငံမှာ ဒီလိုရွေးချယ်မှုဟာ ဘာကို ဦးတည်စေသလဲဆိုတာ သတိပြုမိနိုင်မှာဖြစ်ပါတယ်။ အဲဒီလို နှစ်ပေါင်းရာချီပြီး သွေးခွဲခဲ့တာကြောင့် တိုင်းရင်းသားအချင်းချင်း သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရုံသာမက ယုံကြည်မှုတွေလျော့နည်းခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးစမှာ နိုင်ငံရေးပါတီတွေရဲ့ အာဏာလွန်ဆွဲမှုတွေဟာ ပြင်းထန်လာခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာကစလို့ ပြည်တွင်းစစ်မီး စတင်တောက်လောင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ မိမိထက်အဆမတန်အင်အားများတဲ့ ရောင်စုံသောင်းကျန်းသူတွေကို တိုက်ခိုက်ခဲ့ရပါတယ်။ ရောဝတီတိုင်းနဲ့ ပဲခူးရိုးမပေါ်မှာရှိတဲ့ ကွန်မြူနစ်သောင်းကျန်းသူတွေကို တပ်မတော်နဲ့ ပြည်သူလက်တွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့တာကြောင့် သောင်းကျန်းသူတွေဟာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်ဘက်တွေကို ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါတယ်။ ကွန်မြူနစ်တွေဟာ အဲဒီဒေသမှာရှိတဲ့ ရိုးသားတဲ့တိုင်းရင်းသားတွေကို အဓမ္မလူသစ်စုဆောင်းကြရုံသာမက **“အစိုးရဆန့်ကျင်ရေး”** နဲ့ **“လူမျိုးစုလွတ်မြောက်ရေး”** စတဲ့ နိုင်ငံရေးမှိုင်းတွေနဲ့ သွေးထိုးခဲ့ကြပါတယ်။ ရိုးသားတဲ့တိုင်းရင်းသားတွေအပေါ် နယ်ချဲ့တို့ရဲ့ နှစ်ပေါင်းများစွာသွေးခွဲခဲ့မှုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ **“လူမျိုးစုလွတ်မြောက်ရေး”** ဆိုတဲ့ သွေးထိုးမှုတွေကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တစ်စတစ်စပေါ်ပေါက်လာခဲ့ရတာ ဖြစ်ပါတယ်။ တပ်မတော်ကို မုန်းတီးလို့ပေါ်ပေါက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဆိုတာ ယနေ့အထိမရှိခဲ့ပါဘူး။ နိုင်ငံရေးအယူအဆကွဲလွဲမှုတွေကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေရခြင်းသာ ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို သုံးသပ်ကြည့်ရင်လည်း လွတ်လပ်ရေးရပြီးခါစ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့တဲ့ အခြေအနေမျိုးဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီရေးကို ဆောင်ရွက်နေပါတယ် ဆိုသူတွေကိုယ်တိုင် မဲမသမာမှုတွေဆောင်ရွက်ခဲ့ပြီး ဥပဒေနဲ့အညီ ဒီမိုကရေစီနည်းလမ်းကျ ဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်နေပါတယ်ဆိုတဲ့ ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒီလက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အားပေးတာတွေ၊ မြှောက်ထိုးပင့်ကော်ပြုလုပ်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာ မြန်မာပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေတာ၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေတာပဲဖြစ်ပါတယ်။ ဒါတွေကို အားလုံးက သတိပြုမိစေလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ ပြည်သူ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားမှာပဲဖြစ်ပါတယ်။ ဒီလို လျှောက်လှမ်းနိုင်ဖို့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ အခင်းအကျင်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒမှန်ကို ထုတ်ဖော်နိုင်တဲ့ လွတ်လပ်တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမှာဖြစ်ကြောင်းလည်း အလေးအနက်ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

လွတ်လပ်ရေးရရှိပြီးချိန်ကစလို့ နိုင်ငံတော်ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းကိုလည်း ပြန်လည်သုံးသပ်ကြည့်ဖို့လည်းလိုပါတယ်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ဆိုရှယ်လစ်စနစ်အုတ်မြစ်ချသည့်ကာလ၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ်စနစ်၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းနိုင်ရေး အခြေခံအုတ်မြစ်ချသည့်ကာလတို့ကို ဖြတ်သန်းခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ယနေ့အထိကာလဟာ ဒီမိုကရေစီစနစ် လျှောက်လှမ်းနေဆဲကာလပဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ရာမှာလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ရုံသာမက လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးတိုင်လဲလှယ်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေလည်းရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံးနီးပါး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့အထိ ရှိခဲ့လို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးရဲ့အရသာကို လက်တွေ့ခံစားခဲ့ကြရပါတယ်။ အဲဒီခေတ်က တပ်မတော်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား နိုင်ငံရေးအရောင်အသွေးမပါဘဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး **“နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရမည်”** ဆိုတဲ့ တူညီတဲ့သဘောထား တစ်ထပ်တည်းရှိနေလို့ပဲ ဖြစ်ပါတယ်။

**စာမျက်နှာ ၈ သို့** ☆

☆ စာမျက်နှာ ၇ မှ

အဲဒီကာလ ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ NCA စာချုပ်ကဲ့သို့ ခိုင်မာမှု၊ တရားဝင်မှုရှိတဲ့ စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိဘဲ သဘောတူညီချက်များ၊ ကတိကဝတ်များနဲ့သာ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယခုထိ ဒီသဘောတူညီချက်၊ ကတိကဝတ်တွေကို လိုက်နာစောင့်ထိန်းနေတဲ့ အဖွဲ့အစည်းများလည်းရှိပါတယ်။ ဒီအဖွဲ့များကိုလည်း ခိုင်မာလေးနက်တရားဝင်မှုရှိတဲ့ NCA လမ်းကြောင်းအပေါ် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံတစ်နိုင်ငံရဲ့စနစ်တစ်ခုကို ပြောင်းလဲလျှောက်လှမ်းရာမှာ အစိုးရက ပြောင်းလဲလို့မရပါဘူး။ ပြည်သူ့ဆန္ဒပါမှ ပြောင်းလဲလို့ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ နောက်ပိုင်းမှာ ဆိုရှယ်လစ်စနစ်ကို လျှောက်လှမ်းနိုင်ဖို့အတွက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူမှုပြုလုပ်ခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရဲ့ ထောက်ခံမှုနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို လျှောက်လှမ်းခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ တစ်ပါတီစနစ်မှ ပြည်သူလူထုတောင်းဆိုလာတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ဖို့အတွက် လိုအပ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ စုပေါင်းညှိနှိုင်းရေးဆွဲပြီး ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့မှာ ပြည်လုံးကျွတ် ဆန္ဒခံယူခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမှုရရှိခဲ့တာကြောင့် ယနေ့ပြဋ္ဌာန်းကျင့်သုံးနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ဒီနေရာမှာ NCA စာချုပ်ရဲ့ ဖြစ်ပေါ်လာပုံနဲ့ သဘောတရား၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာပုံနဲ့ သဘောတရားတွေကို ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။ NCA စာချုပ်ဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား ကတိကဝတ်ပြု သဘောတူညီချက်၊ သဘောတူစာချုပ်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ နိုင်ငံတော်နဲ့ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအကြား အာမခံချက်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ အဖွဲ့အစည်း ၂ ခုအကြား သဘောတူညီချက် ကတိကဝတ်ဟာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုအားလုံးအပေါ်မှာထားရမယ့် သဘောတူညီချက်၊ အာမခံချက်ပြုထားတဲ့ ဥပဒေအပေါ်မှာ လွှမ်းမိုးဖို့ မသင့်ပါဘူး။ ဆိုလိုတာက NCA ကိုအလေးအနက်ထားရမှာဖြစ်ပေမယ့် NCA စာချုပ်ကနေတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာမှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ထင်မြင်ချက်၊ ယူဆချက်၊ လိုလားချက်တွေကို တူညီဆန္ဒများအဖြစ် စုစည်းဆွေးနွေးနေတာ ဖြစ်ပါတယ်။ ဒီအထဲက အခြေခံဥပဒေကို ပြင်ဆင်ရမယ့်အချက်များပါလာရင် နောင်ဖြစ်ပေါ်လာမယ့် လွှတ်တော်အသီးသီးကတစ်ဆင့် အဆုံးအဖြတ်ကို ခံယူဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုရာမှာလည်း ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီနေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃ ခု ကျင့်သုံးခဲ့တဲ့အနက် ပထမဆုံးကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ကို ရည်ရွယ်ပြီး အငြင်းပွားဖွယ်ရာများနဲ့ အဆောတလျင် ရေးဆွဲခဲ့ရတဲ့အပြင် တိုင်းပြုပြည်ပြုလွှတ်တော်မှာသာ အတည်ပြုထားတဲ့ ဥပဒေဖြစ်ပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို ဥပဒေအမျိုးမျိုး၊ အုပ်ချုပ်မှုစနစ်အမျိုးမျိုးနဲ့ သွေးခွဲအုပ်ချုပ်ခဲ့တဲ့အပြင် လွတ်လပ်ရေးပေးရာမှာလည်း တောင်တန်း၊ ပြည်မ ခွဲခြားပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ၁၉၄၁–၁၉၄၃ ခုနှစ် ဘီအိုင်အေ (BIA)၊ ဘီဒီအေ (BDA) ခေတ်မှာ **"လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ"**ဆိုပြီး နိုင်ငံရေးရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးအကြိုကာလ ၁၉၄၃–၁၉၄၅ ခုနှစ် ဘီအင်န်အေ(BNA)၊ ပီဘီအက်ဖ် (PBF)ခေတ်မှာ **"လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ဝါဒရေးသည် တတိယ"** ဆိုပြီး နိုင်ငံရေးရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ပါတယ်။ သတိပြုစရာက လွတ်လပ်ရေးမရခင် အဲဒီခေတ်ကတည်းက မြန်မာနိုင်ငံဟာ ဆိုရှယ်လစ်စနစ်တည်ထောင်ရေးကို ရည်မှန်းချက်ရှိခဲ့တယ်ဆိုတာပဲ ဖြစ်ပါတယ်။

သို့သော် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ဆိုရှယ်လစ်စနစ်နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်မျိုး မတွေ့ရပါဘူး။ ဘာကြောင့်လည်းဆိုတာ သမိုင်းအထောက်အထားတွေနဲ့ ပြန်လေ့လာကြည့်မယ်ဆိုရင် ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ လန်ဒန်မှာ ချုပ်ဆိုခဲ့တဲ့ အောင်ဆန်း–အက်တလီစာချုပ်ကို အခြေခံပြီး ပေါ်ပေါက်လာခဲ့တာဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီအချိန်မှာ လွတ်လပ်ရေးအမြန်ဆုံးရရှိဖို့သည်သာ အဓိကလို့ အဖွဲ့အစည်းအသီးသီးက ခံယူကြိုးစားနေချိန်လည်း ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလမှာကျင်းပမယ့် ဗြိတိသျှပါလီမန် အစည်းအဝေးမှာ မြန်မာနိုင်ငံလွတ်လပ်ရေး ဥပဒေကြမ်း (Burma Independence Bill)ကို တင်သွင်းနိုင်မှသာ ပါလီမန်အစည်းအဝေးက အတည်ပြုတဲ့ အခွင့်အရေးရမှာလည်း ဖြစ်ပါတယ်။ ဒါမှလည်း လွတ်လပ်ရေးအမြန်ရရှိမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရာမှာ လွတ်လပ်ရေးကြိုးပမ်းမှုမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းများအနေနဲ့ ဗြိတိသျှတို့ အလိုကျ ထည့်ပေးခဲ့ရတဲ့ ပြဋ္ဌာန်းချက်များစွာ ပါဝင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီကာလမှာ ဆိုရှယ်လစ်စနစ်ဆိုတဲ့ အသုံးအနှုန်းသာပါဝင်ခဲ့ရင် တိုင်းပြည်လွတ်လပ်ရေးရရှိဖို့ နှောင့်နှေးဖို့လည်းဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် အဲဒီခေတ်က ဗြိတိသျှတို့ကျင့်သုံးနေတဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကို ရွေးချယ်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကိုအတုအယောင်လွတ်လပ်ရေးလို့စွပ်စွဲပြီး လွတ်လပ်ရေးရပြီး ၃ လခန့်အကြာမှာ တောခိုလက်နက်ကိုင် ဆန့်ကျင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးသဘောထားကွဲလွဲမှု၊ အယူအဆရေးရာကွဲလွဲမှုတွေကစပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ စတင်လာခဲ့တာတွေ့ပါတယ်။ ဒါကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ဖို့ ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှာ လက်ဝဲညီညွတ်ရေးကောင်စီကို ဖွဲ့စည်းလုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မူလက လက်ဝဲညီညွတ်ရေးမူ(၁၅)ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အနောက်နိုင်ငံအချို့ရဲ့ ဖိအားပေးမှုတွေကြောင့် အချို့အချက်တွေကို ဖျက်သိမ်းခဲ့ရပါတယ်။ ဒါတွေကိုကြည့်ရင် အနောက်နိုင်ငံများရဲ့ ဝင်ရောက်စွက်ဖက်မှု ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ထင်ရှားတဲ့ သာဓကပဲဖြစ်ပါတယ်။ ဒီလိုတိုက်ရိုက်စွက်ဖက်မှု၊ သွယ်ဝိုက်စွက်ဖက်မှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ကျင့်သုံးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့် စတာတွေနဲ့ပတ်သက်ရင် ပြည်ထောင်စုအတွက် အန္တရာယ်ရှိနိုင်တယ်လို့ သတိထားသင့်ကြောင်း ၁၉၄၇ ခုနှစ် ဧပြီလ ၂၄ ရက်နေ့ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှာ စောစီးစွာထောက်ပြခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဒီလို နောက်ခံသမိုင်းအကြောင်းရင်းတွေကြောင့် ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ဟာ စိုးရိမ်စရာဖြစ်လာခဲ့ပါတယ်။ နိုင်ငံရဲ့ မရေမရာမသေချာတဲ့ဖြစ်ရပ်တွေကြောင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့တဲ့ ခေါင်းဆောင်များဟာ တော်လှန်ရေးကောင်စီလက်ထက်မှာ ဆိုရှယ်လစ်စနစ်ကို စတင်အုတ်မြစ်ချခဲ့ကြတာပဲဖြစ်တယ်။

ယနေ့ ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့ နိုင်ငံရေးရည်မှန်းချက်ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဖက်ဒရယ်ဆိုတဲ့ ပေါင်းစည်းနေထိုင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ ခွဲဝေခံစားခြင်း၊ အုပ်ချုပ်မှုတာဝန် ခွဲဝေလုပ်ဆောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုကရွေးချယ်တဲ့ ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်းဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့၊ ဥပဒေကိုလေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရေးပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းဖော်ဆောင်ရမှာ ဖြစ်ပါတယ်။

အလားတူ တိုင်းရင်းသားပြည်သူအားလုံးလိုလားနေတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာမှာလည်း တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ ပြည်ထောင်စုကြီး၏အကျိုးကို ရှေးရှုကြည့်ပြီး မိမိနိုင်ငံနဲ့ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံကို တည်ဆောက်သွားဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံသည် ရှေးဘုရင်များလက်ထက်ကတည်းက ပြည်ထောင်စုစနစ်ပုံစံနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ပထမမြန်မာနိုင်ငံတော်လို့ သတ်မှတ်ခဲ့ကြတဲ့ ပုဂံခေတ်ကတည်းက တိုင်းရင်းသားပြည်သူများနဲ့ စုစည်းတည်ထောင်ထားတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းယူစဉ်က Burma ဆိုတဲ့ ပြည်ထောင်စုနိုင်ငံအဖြစ်နဲ့ သိမ်းယူခဲ့တာဖြစ်ပြီး လွတ်လပ်ရေးပေးချိန်မှာလည်း ပြည်ထောင်စုတစ်ဝန်းလုံးကို တစ်စုတစ်စည်းသောနိုင်ငံအဖြစ် လွတ်လပ်ရေးပေးခဲ့တာပဲ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်စာချုပ်များ ချုပ်ဆိုရာမှာလည်း လက်ရှိနယ်နိမိတ်အတိုင်း စာချုပ်ချုပ်ဆိုအသိအမှတ်ပြုခဲ့တာ၊ တိုင်းရင်းသားပြည်သူလူထုအားလုံးကလည်း အသိအမှတ်ပြုခဲ့တာတွေဟာ ကျွန်တော်တို့နိုင်ငံသည် သမိုင်းအဆက်ဆက် ပြည်ထောင်စုနိုင်ငံအဖြစ် ရပ်တည်ခဲ့တယ်ဆိုတဲ့ ခိုင်မာတဲ့သမိုင်းပဲဖြစ်ပါတယ်။

ဒီလိုသမိုင်းစဉ်တစ်လျှောက် ရပ်တည်ခဲ့တဲ့ ပြည်ထောင်စုကို တည်ဆောက်ရာမှာ မှန်ကန်တဲ့၊ နိုင်ငံနဲ့ကိုက်ညီတဲ့စနစ်ဖြစ်ဖို့ လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုများ များပြားလှတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကိုကျင့်သုံးရာမှာ လူမျိုးကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ထက် နယ်မြေဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒါမှသာ ကွန်ဖက်ဒရေးရှင်းဆိုတဲ့ ကွဲပြားခြားနားမှုကို အားပေးတဲ့၊ ပြည်ထောင်စုပြိုကွဲခြင်းကို ဦးတည်သွားစေနိုင်မယ့် ကိစ္စတွေကို ရှောင်ရှားနိုင်မှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက် အုပ်ချုပ်ရေးအာဏာများ ခွဲဝေထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များမှာလည်း တိုင်းရင်းသားပြည်သူ တစ်ဦးချင်းစီရဲ့ အခွင့်အရေးများ၊ အာမခံချက်များကို တန်းတူညီမျှ ပေးထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရနဲ့ ဘာသာရေးအရ သဘောထားကွဲလွဲစရာ အကြောင်းမရှိပါဘူး။ ဒါတွေကို လက်တွေ့ကျင့်သုံးခြင်း၊ လိုအပ်တာတွေကို ဥပဒေနဲ့အညီ ပြင်ဆင်တိုးချဲ့ခြင်းတို့ဟာ လက်တွေ့ကျတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ဒီမိုကရေစီစနစ်ဆိုရာမှာ အမျိုးမျိုးရှိပါတယ်။ ယနေ့ကျွန်တော်တို့နိုင်ငံ ကျင့်သုံးနေတာက ပါတီစုံဒီမိုကရေစီဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အထွေထွေရွေးကောက်ပွဲဟာ အရေးကြီးပါတယ်။ ပြည်သူတွေအနေနဲ့ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းအရ အထွေထွေရွေးကောက်ပွဲအတွေ့အကြုံတွေလည်း ရှိကြပြီးဖြစ်ပါတယ်။ ဖဆပလခေတ်က ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ယနေ့ခေတ် ပါတီစုံဒီမိုကရေစီစနစ်ရဲ့ ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေအထိဟာ **"အနိုင်ရသူ အကုန်ယူ"** စနစ်ဖြစ်တာကြောင့် နိုင်ငံရေးချိန်ခွင်လျှာညီမျှမှုမရှိခဲ့ဘဲ တိုင်းရင်းသားလူမျိုးစုပါတီများအနေနဲ့ နိုင်ငံရေးမှာ ပါဝင်ခွင့်အခွင့်အရေးနည်းပါးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုကြီး ၈ စုရှိပြီး လူမျိုးစု ၁၃၀ ကျော် ရှိပါတယ်။ အဲဒီတော့ တိုင်းရင်းသားပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးကို ခိုင်မာတဲ့ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်ဟာ **"ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်း"**လို့လည်း အနက်အဓိပ္ပာယ်ရှိပါတယ်။ မျှဝေခံစားဖို့ဆိုရင်တော့ ရွေးကောက်ပွဲစနစ်မှာ ယခင်ကျင့်သုံးခဲ့တဲ့

စာမျက်နှာ ၉ သို့ ☆

> ❖ **NCA စာချုပ်ဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ကတိကဝတ်ပြုသဘောတူညီချက်၊ သဘောတူစာချုပ်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ နိုင်ငံတော်နဲ့ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကြား အာမခံချက်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ အဖွဲ့အစည်း ၂ ခုအကြား သဘောတူညီချက် ကတိကဝတ်ဟာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုအားလုံးအပေါ်မှာထားရမယ့် သဘောတူညီချက်၊ အာမခံချက်ပြုထားတဲ့ ဥပဒေအပေါ်မှာ လွှမ်းမိုးဖို့မသင့်ပါဘူး။ ဆိုလိုတာက NCA ကို အလေးအနက်ထားရမှာဖြစ်ပေမယ့် NCA စာချုပ်ကနေတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာမှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားကြရမှာဖြစ်**

☆ စာမျက်နှာ ၈ မှ
အင်အားကြီးပါတီတစ်ခုတည်းက **"အနိုင်ရသူ အကုန်ယူ"** ဆိုတဲ့ စနစ်အစား တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်တွေ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဖို့ **"အချိုးကျကိုယ်စားပြုစနစ်"** PR စနစ်ကို ကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဆန္ဒတစ်ခုတည်းမဟုတ်ပါဘူး။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အဆိုပြုချက်တွေနဲ့ ဖြစ်ပေါ်လာတဲ့ NCA စာချုပ်ထဲက ဘုံသဘောဆန္ဒလည်း ဖြစ်ပါတယ်။ NCA စာချုပ်ပါ အခန်း(၁) အခြေခံမူများမှာ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနဲ့အညီ တည်ဆောက်သွားရန်"၊ "နိုင်ငံသားအားလုံး တန်းတူရည်တူအခွင့်အရေးများ ရရှိစေရန်"** ဆိုတဲ့အချက်ပါရှိပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် PR စနစ်ဟာ ကျွန်တော်တို့နိုင်ငံနဲ့ အသင့်လျော်ဆုံးဆိုတာ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

၂၀၁၁ ခုနှစ် ဒီမိုကရေစီပထမအစိုးရလက်ထက် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တာထွက်ကောင်းခဲ့ပြီး တိုင်းပြည်လည်း အထိုက်အလျောက် တိုးတက်ခဲ့ပါတယ်။ NCA စာချုပ်ကြီး ပေါ်ပေါက်လာခဲ့ပြီး ငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းတွေရရှိချိန်မှာ တိုင်းပြည်သစ္စာဖောက်အချို့နဲ့ ပြည်ပနိုင်ငံအချို့က NCA မှာ လက်မှတ်မရေးထိုးဖို့ သွေးထိုးလှုံ့ဆော်ခဲ့ကြပါတယ်။ ဒါပေမဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားတဲ့ အဖွဲ့အစည်း ၈ ဖွဲ့ဟာ NCA စာချုပ်ကြီးမှာ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နောက်ထပ် ၂ ဖွဲ့ဟာလည်း ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့လို့ လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးရခြင်းမရှိသေးတဲ့ ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကိုလည်း NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးတည်ဆောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။ NCA စာချုပ်ကြီး ပေါ်ပေါက်လာပြီးတစ်ပြိုင်နက် တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ တပ်မတော်ကထုတ်ပြန်တဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှု သမိုင်းတွေကရရှိလာတဲ့ **"အသိတရား"** ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမည့် **" အရှိတရား "** လည်း ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစတင်ပြီး ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့လည်း နိုင်ငံတော်ကို စတင်တာဝန်ယူတဲ့အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နဲ့ ဦးတည်ချက်များကို အဆင့်ဆင့် ချမှတ်ခဲ့ရာ လက်ရှိမှာလည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ် ချမှတ်ထားပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ **"NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုတဲ့ အချက်ပါရှိသလို ဦးတည်ချက်(၉)ရပ်မှာလည်း **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"** ဆိုတဲ့ အချက်ကို ထည့်သွင်းဆောင်ရွက်နေတာ တွေ့နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီဆိုပြီး ကော်မတီ(၃)ရပ် ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအဆင့်ဆင့်တို့ဟာ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမှု ရှိ/မရှိ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်အပေါ် လက်ခံမှု ရှိ/မရှိအပေါ် မူတည်ပြီး မည်သည့်ကန့်သတ်ချက်မှမပါသော တွေ့ဆုံဆွေးနွေးပွဲကို ဖိတ်ခေါ်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ EAO အဖွဲ့(၇)ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ EAO အဖွဲ့(၃)ဖွဲ့တို့မှ ကိုယ်စားလှယ်များနဲ့တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနဲ့ အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ ဒေသအတွင်းရှိပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတားတည်ဆောက်ရေးနဲ့ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပြည်သူများကို ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ **"၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်"** ဖြစ်ကြောင်း ကျွန်တော် ပြောကြားခဲ့ပါတယ်။ အဲဒီနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၃)ကြိမ်တိုင်တိုင်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးရာမှ ဘုံသဘောတူညီချက်အဖြစ်–

(၁) ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးအတွက်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးနှင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ လွတ်လပ်၍တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး။

ဆိုတဲ့ ဘုံသဘောတူညီချက်(၄)ချက် ရရှိခဲ့ကြပါတယ်။

ဒါ့အပြင် တွေ့ဆုံဆွေးနွေးရေးယန္တရားဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေနဲ့လည်း သက်ဆိုင်ရာ ဆွေးနွေးဖက်အဖွဲ့အစည်းများနဲ့ အလွတ်သဘောတွေ့ဆုံမှုများ၊ Video Conferencing ဖြင့် ဆွေးနွေးမှုများနဲ့ တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ (၇၃)ကြိမ်၊ လက်မှတ်ရေးထိုးထားခြင်း မပြုသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ (၂၅)ကြိမ်၊ နိုင်ငံရေးပါတီများနဲ့ (၁၆)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနဲ့ (၇)ကြိမ်၊ စုစုပေါင်းတွေ့ဆုံဆွေးနွေးမှု (၁၂၁)ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေအားလုံးရဲ့ ငြိမ်းချမ်းသာယာဝပြောတဲ့အနာဂတ်၊ ကောင်းမွန်တဲ့ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူပြည်သားအားလုံးအတွက် အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးကို ဆောင်ရွက်နေပါတယ်။ နိုင်ငံရေးရည်မှန်းချက်အနေနဲ့ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ဆောင်ရွက်ပါမယ်။ ဒီနှစ်ချက်ဟာ ကျွန်တော်တို့အတွက် အဂ္ဂမဟာဗျူဟာ(Grand Strategy)ပါပဲ။ လက်ရှိအချိန်မှာကော နောင်အနာဂတ်မှာပါ ရေရှည်ရည်မှန်းချက်အဖြစ် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ အစိုးရအနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ မဟာဗျူဟာ(Strategy)ပါပဲ။ ဒီအဂ္ဂမဟာဗျူဟာနဲ့ မဟာဗျူဟာတွေ အောင်မြင်စေဖို့၊ ခိုင်မာစေဖို့ လက်ရှိကျွန်တော်တို့ လုပ်ဆောင်နေတာက ဦးတည်ချက်(၉)ချက်ပါပဲ။ ဒါဟာ ကျွန်တော်တို့ရဲ့ နည်းဗျူဟာ(Tactic)ပဲ ဖြစ်ပါတယ်။

ဒီလို နိုင်ငံတော်အတွက် ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ အစိုးရတစ်ရပ်က ဦးဆောင်မှုပြုရမှာဖြစ်သလို ပြည်သူလူထုအားလုံးကလည်း လိုက်ပါဆောင်ရွက်နိုင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျလို့ ပညာခေတ်မှာ အခြေခံပညာအထက်တန်းနဲ့ အဆင့်မြင့်ပညာ တတ်မြောက်မှု နည်းပါးခဲ့ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးမှာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ပညာနဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းဟာ အထူးအရေးကြီးလှပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများစုနေထိုင်တဲ့ ကျေးလက်ဒေသတွေဟာ ပညာရေးအားနည်းခဲ့ပါတယ်။ ပညာရေးအားနည်းချက်နဲ့အတူ တွေးခေါ်မြော်မြင်မှုမှာ လိုအပ်ချက်တွေ ရှိခဲ့ပါတယ်။ တွေ့ခဲ့၊ ကြုံခဲ့သမျှ၊ သိသမျှ၊ တတ်သမျှအပေါ်မှာပဲ အခြေခံပြီး ပြောဆိုနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြည်ပကမြှောက်ထိုးပင့်ကော်လုပ်နေမှုတွေ၊ မဟုတ်မမှန်သတင်းတွေအပေါ်မှာ နားယောင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိအောင် လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ဒါတွေကို ပြုပြင်ဖို့၊ ခေတ်စနစ်နဲ့အညီ အတွေးအခေါ်၊ အမြော်အမြင်များ တိုးတက်အောင်လုပ်ဖို့လည်း လိုအပ်ပါတယ်။ ဒါဟာနိုင်ငံတော်ရဲ့ အနာဂတ်ပါပဲ။ ဒါ့ကြောင့် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထုရဲ့ ကောင်းကျိုးကိုလိုလားကြတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအားလုံး၊ နိုင်ငံအားလုံး၊ တိုင်းရင်းသားပြည်သူလူထုအားလုံး အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာရှိနေတဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ EAO များအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေး၊ အတွေးအခေါ်နဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပူးပေါင်းအားပေးကူညီကြဖို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံသူနိုင်ငံသားများ လိုလားတောင့်တနေတဲ့ နိုင်ငံတော်အေးချမ်းသာယာရေး၊ စားရေရိက္ခာပေါများရေး၊ သာယာဝပြောရေး၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ပညာသင်ကြားနိုင်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးများ ရရှိခံစားနိုင်အောင် သက်ဆိုင်သူအားလုံးက နိုင်ငံ့မျက်နှာကြည့်ပြီး ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့တဲ့ NCA သမိုင်းကြောင်းဟာ ဒီနေ့မှာဆိုရင် ၈ နှစ်တာကာလ ဖြတ်သန်းခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် **"လွတ်လပ်ရေး"**ဆိုတဲ့ ရှေးဘိုးဘွားများရဲ့ အမွေတစ်ခုကို ကျွန်တော်တို့ အားလုံး ဆက်ခံရယူပြီးဖြစ်သလို မိမိတို့လက်ထက်၊ မိမိတို့ကာလမှာလည်း နောက်မျိုးဆက်သစ် လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တစ်ခုကို ပေးအပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒါကတော့**"စစ်မှန်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေး"** ဆိုတဲ့ အမွေအနှစ်ကောင်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေး အမွေအနှစ်ကောင်းကို ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေထံ လက်ဆင့်ကမ်းခဲ့ကြပါစို့လို့ လေးနက်စွာ ထပ်မံတိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

- ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** စိတ်ဓာတ်နဲ့အညီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ပါအတိုင်း မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးအတွက် NCA ကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်သွားကြပါ။
- ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် NCA လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့အစည်းများကလည်း NCA ပါ ကတိကဝတ်ကို စောင့်ထိန်းကြဖို့နဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ။
- NCA မှာ လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေနဲ့လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ ထဲထဲဝင်ဝင်ပါဝင်နိုင်ဖို့အတွက် တွေ့ဆုံညှိနှိုင်းရေးဆွေးနွေးပွဲများဆီသို့ အရောက်လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ်ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

**❖ နိုင်ငံသူနိုင်ငံသားများ လိုလားတောင့်တနေတဲ့ နိုင်ငံတော်အေးချမ်းသာယာရေး၊ စားရေရိက္ခာပေါများရေး၊ သာယာဝပြောရေး၊ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ပညာသင်ကြားနိုင်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးများ ရရှိခံစားနိုင်အောင် သက်ဆိုင်သူအားလုံးက နိုင်ငံ့မျက်နှာကြည့်ပြီး ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့လည်း တိုက်တွန်းလို**

**❖ မြန်မာနိုင်ငံအတွက် "လွတ်လပ်ရေး"ဆိုတဲ့ ရှေးဘိုးဘွားများရဲ့ အမွေတစ်ခုကို ကျွန်တော်တို့အားလုံး ဆက်ခံရယူပြီးဖြစ်သလို မိမိတို့လက်ထက်၊ မိမိတို့ကာလမှာလည်း နောက်မျိုးဆက်သစ်လူငယ်များအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တစ်ခုကို ပေးအပ်ဖို့တာဝန်ရှိ**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ပြောကြားသည့် ဂုဏ်ပြုစကား

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက် နေပြည်တော်

ချစ်ကြည် လေးစားရပါသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် – NCA လက်မှတ်ရေးထိုးပွဲ (၈) နှစ်မြောက် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ သက်ဆိုင်ရာ တာဝန်ရှိ လူကြီးမင်းများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနဲ့ သံတမန်များကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီလိုဂုဏ်ရောင်ထွန်းပြောင်တဲ့သမိုင်းဝင်နေ့မှာ အခမ်းအနားသို့ တက်ရောက်လာတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများရဲ့ကိုယ်စား ကျွန်တော့်ကို မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက နှစ်ရှည်လများ ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခကို အဆုံးသတ်နိုင်ဖို့၊ နိုင်ငံတော်အစိုးရရဲ့ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဟာ ဒီ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုရရှိဖို့ နှစ်နှစ်နီးပါး အချိန်ယူ ဆွေးနွေးခဲ့ကြရပါတယ်။

နှစ်ဖက်ညှိနှိုင်း ဆွေးနွေးဖက်တွေအကြား ရဲရင့်တက်ကြွတဲ့ အားမာန်တွေနဲ့ တွေ့ဆုံ ဆွေးနွေးခြင်းအားဖြင့် . အဖြေရှာလိုတဲ့ အာသီသကို အခြေခံခဲ့ကြလို့ ဒီ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် – NCA ကို ရရှိခဲ့တာ ဖြစ်ပြီး သမိုင်းစာမျက်နှာသစ် တစ်ခု ပေါ်ပေါက်စေခဲ့ပါတယ်။

ဒါတွေဟာ အလျှော့အတင်း ပြုလိုတဲ့ စိတ်ဓာတ်၊ အခက်အခဲတွေကို အတူတကွ ပူးပေါင်းဖြေရှင်းလိုတဲ့ဆန္ဒ၊ နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းလိုတဲ့ သန္နိဋ္ဌာန်၊ ဆွေးနွေးဖက် တစ်ဖက်စီမှာ ပါဝင်ခဲ့ကြတဲ့ ကိုယ်စားလှယ်တွေအကြား ထိန်းသိမ်းထားနိုင်တဲ့ ညီညွတ်မှုနဲ့ ယုံကြည်မှုတွေကြောင့် ဖြစ်ပါတယ်။ လက်ရှိကာလမှာလည်း ဒီလို စိတ်ဓာတ်ဆန္ဒနဲ့ ထပ်မံပြီး ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် – NCA



လက်မှတ်ရေးထိုးခြင်းဟာ သာမန်အပစ်ရပ်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးတာ မဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံထူထောင်ရေး လျှောက်လှမ်းရမယ့် ခရီးရှည်ကြီးရဲ့ ပထမဦးဆုံးသော အရေးကြီးတဲ့ ခြေလှမ်းဖြစ်ပြီး စိန်ခေါ်မှုများစွာကလည်း စောင့်ကြိုနေခဲ့တယ်ဆိုတာကို အားလုံး ရင်ဆိုင်ကြုံတွေ့ခဲ့ကြပြီး ဖြစ်ပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ကာလမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် – NCA ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ရာမှာ အောင်မြင်သင့်သလောက် အောင်မြင်မှု မရရှိခဲ့သလို နိုင်ငံရေးအကျပ်အတည်းကြောင့် NCA အကောင်အထည် ဖော်မှုမှာလည်း ရပ်နားသွားခဲ့ရတယ်။ ကျွန်တော်တို့ အားလုံးဟာ မိမိတို့အသီးသီးရဲ့ ဆန္ဒ သဘောထားတွေကိုသာ ရှေ့တန်းမတင်ဘဲ အပြန်အလှန်လေးစား တန်ဖိုးထားမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ကာ ညှိနှိုင်းအဖြေရှာကြဖို့ကိုလည်း သက်ဆိုင်သူအားလုံးကို တောင်းဆို လိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိတို့နိုင်ငံဟာ လူမျိုးပေါင်းစုံနေထိုင်တဲ့ တိုင်းပြည်ဖြစ်သည့်အလျောက် လူမျိုးချင်းမတူသော်လည်း ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင်ရေးအတွက် ရှေးရှုရန် လိုနေပါတယ်။ မိမိတို့ရဲ့ သက်တမ်းတစ်လျှောက်မှာ ခါးသီးစွာ တွေ့ကြုံခံစားလာခဲ့ကြရတဲ့ လက်နက်ကိုင် ပဋိပက္ခကို အမြန်ဆုံးချုပ်ငြိမ်းစေပြီး အနာဂတ်မျိုးဆက်သစ် ပြည်သူ ပြည်သား လူငယ် လူရွယ်များအတွက် “ငြိမ်းချမ်းရေး” ဆိုတဲ့ အမွေအနှစ်ကို ချန်ရစ်ထားနိုင်ဖို့၊ တရားမျှတမှုနဲ့ ဂုဏ်သိက္ခာရှိမှုတို့အပေါ် အခြေခံတဲ့ တာဝန်ယူမှု၊တာဝန်ခံမှုပွင့်လင်းမြင်သာမှုရှိမယ့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားကြဖို့နဲ့ ညှိနှိုင်းဆွေးနွေးပွဲတွေကနေ လက်ရှိနိုင်ငံရေး အကျပ်အတည်းကို ကျော်လွှားကာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး မဆုတ်မနစ် ကြိုးပမ်းကြပါစို့လို့ ဒီကနေ့ အခမ်းအနားကို ဂုဏ်ပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၇)ဖွဲ့၏ကိုယ်စား ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ် ပြောကြားသည့် ဂုဏ်ပြုစကား

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက် နေပြည်တော်

လေးစားအပ်ပါသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်–NCA လက်မှတ်ရေးထိုးပွဲ (၈) နှစ်မြောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းနိုင်ကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။



တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်– NCA ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြကာ ယနေ့ဆိုလျှင် (၈)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ မိမိအနေနဲ့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၇)ဖွဲ့ရဲ့ကိုယ်စား မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိရပါကြောင်း ပြောကြားလိုပါတယ်။ (၈) နှစ်မြောက် အခမ်းအနားကို ပူးတွဲပြီး အခုလို စုံစုံညီညီ ပြန်လည်ကျင်းပပေးတဲ့အတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အထူးကျေးဇူးတင်ရှိပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် – NCA နှစ်ပတ်လည် အခါသမယတွင် အခမ်းအနား ကျင်းပကြခြင်းမှာ ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုဖို့နဲ့ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲများ၊ စိန်ခေါ်မှုများကို ပြန်လည် အမှတ်ရစေကာ သင်ခန်းစာယူနိုင်ကြဖို့ ဖြစ်ပါတယ်။ NCA သဘောတူညီချက်ရရှိအောင် ကြိုးပမ်းခဲ့ကြသော ဦးသိန်းစိန် ဦးဆောင်သော အစိုးရဘက်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများဘက်မှ NCCT၊ SD နဲ့ တာဝန်ရှိသူများအားလုံးကို ဒီနေရာကနေ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် – NCA ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်သာမက ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့က အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်ဖြစ်သလို တွေ့ဆုံဆွေးနွေးခြင်း လမ်းကြောင်းမှတစ်ဆင့် တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းခဲ့သော်လည်း အလျှော့အတင်း မလုပ်နိုင်ခဲ့သဖြင့် NCA အကောင်အထည် ဖော်ဆောင်ခြင်း လုပ်ငန်းများ ရှေ့မတိုးနိုင် ဖြစ်ခဲ့ရပါတယ်။ (၈)နှစ်တာကာလ ကြာမြင့်သည့်တိုင် NCA ကို အကောင်အထည် မဖော်နိုင်ခဲ့လို့ ပြည်ထောင်စုကြီးအတွက် များစွာ နှမြောမိပါတယ်။

အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့ရာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းနိုင်ခဲ့ကြတဲ့အတွက် NCA အကောင်အထည်ဖော်မှုသည်လည်း ရပ်တန့်သွားခဲ့ရပါတယ်။ နိုင်ငံ့အရေး၊ ငြိမ်းချမ်းရေးအတွက် အချိန်တွေ အလဟဿ ဖြစ်ခဲ့ရပါတယ်။

သို့သော်လည်း NCA လက်မှတ်ရေးထိုးထားခဲ့ကြသော မိမိတို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့် NCA ၏ အနှစ်သာရများဖြစ်တဲ့ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ သက်ဆိုင်သူအားလုံးပါဝင်သော အဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးနဲ့ အရပ်သားများကို အကာအကွယ်ပေးရေး စတဲ့မူများကို ကိုင်စွဲကာ လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းခဲ့တယ်။ ကြိုးပမ်းနေဆဲလည်း ဖြစ်တယ်ဆိုတာကို သက်ဆိုင်သူအားလုံးကို အသိပေးတင်ပြလိုပါတယ်။

မိမိတို့ပြည်ထောင်စုကြီးဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ဖြစ်ပွားကာ တိုင်းပြည်မငြိမ်းမချမ်း ဖြစ်ခဲ့ရပါတယ်။ လက်ရှိကာလမှာလည်း နိုင်ငံရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရသည့်အပြင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများမှာလည်း ဘက်ပေါင်းစုံ အခက်အခဲများကို ပြည်သူလူထုတစ်ရပ်လုံး ဒုက္ခများစွာ ရင်ဆိုင်နေရပါတယ်။

နိုင်ငံရေး အကျပ်အတည်းကို ငြိမ်းချမ်းစွာ မဖြေရှင်းနိုင်ခဲ့လို့

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ★

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာ အသိသက်သေများ၏ ကိုယ်စားလှယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun ပြောကြားသည့် ဂုဏ်ပြုစကား

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

တရုတ်နိုင်ငံမှာ "ငြိမ်းချမ်းသင့်မြတ်မှုသည် အဖိုးတန်သည်" ဟူသော ရှေးဟောင်းဆိုရိုးစကား တစ်ခွန်းရှိပါတယ်။ မြန်မာနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ သာယာချမ်းမြေ့ရေးအတွက် ငြိမ်းချမ်းရေးလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဟာ မြန်မာပြည်သူများ မျှော်လင့်တောင့်တရာဖြစ်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံပြည်သူများ၏ အရင်းခံအကျိုးစီးပွားနဲ့ ကိုက်ညီပါတယ်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ခိုင်မာစွာ ထောက်ခံအားပေးပါတယ်။ မြန်မာနိုင်ငံဘက်အသီးသီးရဲ့ လိုအပ်ချက်အရ မြန်မာနိုင်ငံတော် အချုပ်အခြာအာဏာကို အပြည့်အဝ လေးစားတဲ့အခြေအနေမှာ တရုတ်နိုင်ငံက ငြိမ်းချမ်းစွာဆွေးနွေးရန် တိုက်တွန်းတဲ့ အပြုသဘောဆောင်သော အခန်းကဏ္ဍကနေပါဝင်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ဖို့ တက်တက်ကြွကြွ ကူညီတွန်းအားပေးသွားလိုပါတယ်။



တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ အရေးပါမှတ်တိုင်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သက်ဆိုင်ရာဘက်အသီးသီးက တံခါးဖွင့်ခြင်း၊ အားလုံးပါဝင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ခြင်း၊ လက်တွေ့ကျခြင်းဟူသော သဘောထားကိုအရင်းခံ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကာ ငြိမ်းချမ်းရေးဆွေးနွေးခြင်းဆိုတဲ့ လားရာကြီးကို ဆက်လက်ကိုင်စွဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများ အဆက်မပြတ်တိုးများလာစေခြင်းဖြင့် နောက်ဆုံး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်။

တရုတ်-မြန်မာ နှစ်နိုင်ငံဟာ တောတောင်ရေမြေချင်း ဆက်စပ်ပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသံယောဇဉ် နက်ရှိုင်းလှပါတယ်။ တရုတ်နိုင်ငံက နှစ်နိုင်ငံအစဉ်အလာ ချစ်ကြည်ရေးကို အလွန်အလေးထားပြီး မြန်မာပြည်သူတစ်ရပ်လုံးအပေါ် ချစ်ကြည်ရင်းနှီးတဲ့မူဝါဒကို ကိုင်စွဲထားပါတယ်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ယုံကြည်ရသော ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖြစ် ဆက်လက်ဆောင်ရွက်ပြီး နှစ်ဦးနှစ်ဖက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို တိုးမြှင့်သွားလိုပါတယ်။ ဒါ့ပြင် "Belt and Road" အတူတကွတည်ဆောက်ရေးကိုလည်း အရှိန်မြှင့်တင်ပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း အနှစ်သာရကိုလည်း အဆက်မပြတ် ပြည့်ဝလာစေရန် ဆောင်ရွက်သွားလိုပါတယ်။ မြန်မာနိုင်ငံက မိမိနိုင်ငံ အခြေအနေနဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံ ထူးခြားချက်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း စူးစမ်းရှာဖွေခြင်း၊ မြန်မာနိုင်ငံက နိုင်ငံတကာမျက်နှာစာတွင် တရားဝင်အခွင့်အရေး အကျိုးစီးပွားနှင့် အမျိုးသားဂုဏ်သိက္ခာအား ကာကွယ်စောင့်ရှောက်ခြင်းကို တရုတ်နိုင်ငံက ထောက်ခံအားပေးပါတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ အချုပ်အခြာအာဏာကို အပြည့်အဝလေးစားပြီး မြန်မာနိုင်ငံက နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားသင့်မြတ်ရေး ဖော်ဆောင်ရန် အပြုသဘောဆောင်စွာ ကူညီသွားနိုင်ဖို့ မျှော်လင့်ပါတယ်။

ဆွေမျိုး၊ ချစ်ကြည်ရင်းနှီးသူအချင်းချင်း ကောင်းမွန်စေရန် မျှော်လင့်သလို အိမ်နီးချင်းအချင်းချင်းလည်း ကောင်းမွန်စေဖို့ မျှော်လင့်ကြပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံ ယုံကြည်အားကိုးရတဲ့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တိုးတက်ကောင်းမွန်လာပါစေ၊ နိုင်ငံတော်ရေရှည်တည်ငြိမ်အေးချမ်းပါစေလို့ မျှော်လင့်ကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာ အသိသက်သေများ၏ ကိုယ်စားလှယ် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗစ်ခရမ် မစ်ဆရီ ပြောကြားသည့် ဂုဏ်ပြုစကား

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်**

လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ မြန်မာနိုင်ငံ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များနှင့် အခမ်းအနားသို့ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား-

ယနေ့မှာ မြန်မာနိုင်ငံရဲ့ သမိုင်းမှာ အထင်ကရ မှတ်တိုင်တစ်ရပ်ဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုသည့် (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မိမိတို့ ယခုကျင်းပတဲ့ အခမ်းအနားကို တက်ရောက်လာကြတာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုစဉ်က နိုင်ငံတကာ အသိသက်သေနိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခွင့်ရခဲ့တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ အိမ်နီးချင်း မိတ်ဆွေနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနှင့် သွေးစည်းညီညွတ်မှုရှိဖို့အတွက် ကြိုးပမ်းလျှောက်လှမ်းဆောင်ရွက်နေတဲ့ ခရီးလမ်းကို အထူးပင်အလေးထားမှုရှိကြောင်း ပြောကြားလိုပါတယ်။

လွန်ခဲ့တဲ့ (၈)နှစ်တိတိက ယနေ့ အောက်တိုဘာလ ၁၅ ရက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့က ကိုယ်စားလှယ်များနဲ့ မြန်မာအစိုးရ ကိုယ်စားလှယ်များတွေ့ဆုံပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။ အဲ့ဒီလို လက်မှတ်ရေးထိုးခဲ့တဲ့ အခါသမယဟာ NCA မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများ အနေနဲ့ ပဋိပက္ခများကို တွေ့ဆုံဆွေးနွေးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားမယ်ဆိုပြီး ကတိကဝတ်ပြုခဲ့တဲ့ သက်သေအထောက်အထားတစ်ရပ်ဖြစ်ကာ မျှော်လင့်ချက်ရောင်ခြည်လည်း သန်းခဲ့ပါတယ်။



တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ဟာ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အကျေအလည် ဆွေးနွေးမှုများနဲ့ ရဲဝံ့တဲ့ ဆုံးဖြတ်ချက်များကြောင့် ထွက်ပေါ်လာတဲ့ ရလဒ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရဲ့ သမိုင်းမှာ အလွန်အရေးပါတဲ့စာချုပ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီစာချုပ်ကို ချုပ်ဆိုနိုင်ခြင်းဟာ မတူကွဲပြားမှုများ၊ စွဲကိုင်ထားကြတဲ့ လက်နက်များကို ဘေးဖယ်ကာ ပိုမိုငြိမ်းချမ်းမှုရှိတဲ့ အနာဂတ်ဆီသို့ စတင်လျှောက်လှမ်းသွားလိုတဲ့ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများရဲ့ ဘုံဆန္ဒကို ထုတ်ဖော်ပြသခဲ့ခြင်းလည်း ဖြစ်ပါတယ်။ **စာမျက်နှာ ၁၂ သို့ »»**

★ **စာမျက်နှာ ၁၀ မှ**

ယနေ့တိုင်းပြည်ဟာ စစ်ရေးပဋိပက္ခနဲ့ နောက်ဆက်တွဲ အကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့နေရပြီး တိုင်းပြည်ရဲ့ ဘက်ပေါင်းစုံ အကျပ်အတည်းကို ပိုမိုပြီး ဆိုးရွားသထက် မဆိုးရွားလာစေရန် ဝိုင်းဝန်းပြီး အဖြေရှာရမည့်အချိန်ရောက်ပြီလို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

ဒီနေ့ကာလဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကို မဖြစ်မနေ အကောင်အထည်ဖော်ရမယ့် အချိန်ကျရောက်နေပါပြီ။ ဒီအတွက် သက်ဆိုင်သူများအကြား ယုံကြည်မှု တည်ဆောက်နိုင်ရေးကလည်း လိုအပ်နေပါတယ်။ သူ့မှုကိုယ့်မှု အသေစွဲကိုင်နေကြမယ်ဆိုရင် လက်ရှိ နိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားနိုင်မှာ မဟုတ်ပါဘူး။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ မပါရှိတဲ့ ဆွေးနွေးညှိနှိုင်းခြင်းကသာ ပြည်ထောင်စုကြီးရဲ့ ထွက်ရပ်လမ်းဖြစ်ပါတယ်။ နိုင်ငံတကာမိသားစုကြီးကိုလည်း မိမိတို့တိုင်းပြည်ရဲ့ အကျပ်အတည်းကို အားလုံးပါဝင်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ နိုင်ငံရေးဆွေးနွေးပွဲများဖြင့် ဆွေးနွေးအဖြေရှာသွားနိုင်ရေး ပံ့ပိုးကူညီကြဖို့ အဆိုပြုတိုက်တွန်းလိုက်ပါတယ်။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ပြီး တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အချိန်တန်ပါပြီ၊ နိုင်ငံရေးပြဿနာရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဖို့လိုသလို ဥပဒေကလည်း အားလုံး လက်ခံနိုင်တဲ့ ဥပဒေဖြစ်ဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ကြတဲ့ ပြည်ထောင်စုကြီးအတွင်းမှာ မတူကွဲပြားမှုများကို အပြန်အလှန် အသိအမှတ်ပြုပြီး ပေါင်းစည်းအင်အားအဖြစ် စုစည်းနိုင်ရန်မှာ စစ်မှန်တဲ့ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးပဲဖြစ်ကြောင်း တင်ပြလိုပါတယ်။ နှစ်ပေါင်း(၇၀) ကျော် ကြာမြင့်လာခဲ့ပြီဖြစ်တဲ့ ပြည်တွင်းစစ် ဖြစ်ပွားနေသော နိုင်ငံတစ်နိုင်ငံအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ အခက်အခဲနဲ့ စိန်ခေါ်မှုများကြီးမားနေမှာဖြစ်သလို ဒီအတွက် နိုင်ငံရေးဆန္ဒရှိမှုဟာလည်း အရေးကြီးဆုံးအချက်ဖြစ်တယ်ဆိုတာကို မီးမောင်းထိုးပြလိုပါတယ်။ မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအနေနဲ့ တွေ့ဆုံညှိနှိုင်းပွဲကနေ လက်ရှိ နိုင်ငံရေး အကျပ်အတည်းကို ကျော်လွှားကာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်တဲ့အထိ အားလုံးနဲ့ အတူ မဆုတ်မနစ် ကြိုးပမ်းသွားပါ့မယ်လို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာအသိသက်သေများ၏ကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sihasak Phuangketkeow ပြောကြားသည့် ဂုဏ်ပြုစကား

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်

**အဆွေတော်များနှင့် အခမ်းအနားသို့ ကြွရောက်လာကြသော လူကြီးမင်းများ ခင်ဗျား-**

နေပြည်တော်တွင် ယနေ့ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ ထိုင်းနိုင်ငံအစိုးရကိုယ်စားပြုကာ မိမိအနေဖြင့် တက်ရောက်ခွင့်ရသည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လွန်ခဲ့တဲ့(၈)နှစ် အဆိုပါနေ့က မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးတဲ့ သမိုင်းဝင်အခမ်းအနားမှာ ထိုင်းနိုင်ငံက အသိသက်သေနိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ယင်းမှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ ယင်းကဲ့သို့ NCA ကနဦး အစပြုချိန်ကတည်းက အပြည့်အဝ ပံ့ပိုးပါဝင်ခွင့်ရခဲ့တဲ့အတွက်လည်း အထူးပင် ကျေနပ်ဝမ်းမြောက်မိပါတယ်။

သက်ဆိုင်သူများအားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်တစ်ရပ်မှတစ်ဆင့် တရားမျှတမှုနဲ့ ဂုဏ်သိက္ခာရှိမှု မှုများကိုအခြေခံပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အာမခံချက်ရှိစွာ ဖော်ဆောင်ရယူနိုင်ရေးမှာ NCA ရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ အဆိုပါအမြင်အား လွန်ခဲ့တဲ့(၈)နှစ်ခန့် ကတည်းကပင် အပြည့်အဝ ထောက်ခံအားပေးခဲ့ပါတယ်။ မိမိတို့ရဲ့ ထောက်ခံအားပေးမှုမှာ ယနေ့ထိတိုင် ခိုင်မြဲစွာနဲ့ တစ်သမတ်တည်း ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါတယ်။

မည်သည့်နိုင်ငံတွင်မဆို ငြိမ်းချမ်းရေးကို ဦးတည်တဲ့လမ်းကြောင်းမှာ ယင်းနိုင်ငံရဲ့ ပြည်သူများကိုယ်တိုင်က ဖန်တီးဆုံးဖြတ်ရမယ်လို့ ထိုင်းနိုင်ငံအနေနဲ့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာလည်း ပြန်လည်သင့်မြတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးမှုများကို အခြေခံကာ မြန်မာဦးဆောင်တဲ့ မြန်မာ့ကိုယ်ပိုင်နည်းလမ်းနဲ့ ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးတို့မှာ နီးကပ်စွာ ပတ်သက်ဆက်နွယ်လျက်ရှိပါတယ်။ နယ်နိမိတ်ချင်းထိဆက်နေတဲ့ အိမ်နီးချင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ အပြန်အလှန်နားလည်မှု အပြန်အလှန် လေးစားမှုနဲ့ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့ရှိတဲ့ စစ်မှန်သော မိတ်ဖက်အဖြစ်



ဖော်ဆောင်သွားရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်မှာလည်း ခိုင်မြဲစွာရှိနေပါတယ်။

အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏ အကျိုးစီးပွားနှင့် အာဆီယံအပါအဝင် ဒေသတစ်ခုလုံး၏ အကျိုးစီးပွားလည်း ဖြစ်ပါတယ်။

**အဆွေတော်များ၊**
**ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား-**

ကမ္ဘာတစ်ဝန်း၌ ဖြစ်ပေါ်လျက်ရှိတဲ့ အဖြစ်အပျက်များကို မျက်မြင်ကြုံတွေ့နေရချိန်မှာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် အလွန်အရေးကြီးကြောင်းကို မိမိတို့အား ထပ်လောင်းသတိပေးလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးကို ဦးတည်တဲ့ လမ်းကြောင်းဟာ စိန်ခေါ်မှုအမြောက်အမြားနဲ့ လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ပါ။ ဆုံးဖြတ်ချက်၊ ရဲရင့်မှုနဲ့ ခေါင်းဆောင်မှုအရည်အချင်းတို့ လိုအပ်ပါတယ်။ ထိတွေ့ဆက်ဆံမှု၊ တွေ့ဆုံဆွေးနွေးမှုနှင့် ပြန်လည်သင့်မြတ်မှုများမှတစ်ဆင့်သာ ငြိမ်းချမ်းရေးကို အောင်မြင်စွာ ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းများအားလုံးအနေနဲ့ ယခုလမ်းကြောင်းအတိုင်း ပြီးမြောက်အောင်မြင်အောင် ဆက်လက်လျှောက်လှမ်းသွားကြရန် ထိုင်းနိုင်ငံအနေဖြင့် တိုက်တွန်းအပ်ပါတယ်။ မြန်မာပြည်သူများရဲ့ အကျိုးစီးပွားအတွက် ရှေ့ဆက်ဆောင်ရွက်သွားရမည့် နည်းလမ်းများ ရှာဖွေကြရာတွင် အဖွဲ့အစည်းများအားလုံး အနေဖြင့် ကြံ့ကြံ့ခံပြီး ရှေ့ဆက်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားသွားကြပါရန် တိုက်တွန်းအပ်ပါတယ်။

ထိုင်းနိုင်ငံအနေဖြင့် လွန်ခဲ့သည့် (၈)နှစ်က NCA ၏ ရည်မှန်းချက် ပန်းတိုင်နဲ့ ရည်ရွယ်ချက်တို့အပေါ် ခိုင်မာစွာ ယုံကြည်ခဲ့သည်မှာ ယနေ့ထက်တိုင်ရှိကြောင်းကို အဆွေတော်တို့အား စိတ်ချယုံကြည်နိုင်ကြောင်း ပြောကြားပါတယ်။

မြန်မာပြည်သူများနဲ့ တစ်နိုင်ငံလုံးရဲ့ ပြင်းပြသောစိတ်ဆန္ဒ ပြည့်မြောက်စေရန်အတွက် သက်ဆိုင်သူများအားလုံး ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်သည့် လမ်းကြောင်းပေါ်၌ မြန်မာနိုင်ငံ အောင်မြင်စွာ လျှောက်လှမ်းသွားနိုင်ရန် ဆုမွန်ကောင်းတောင်းလျက် နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

»»» စာမျက်နှာ ၁၁ မှ

NCA ဟာ စာရွက်ပေါ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်တစ်ရပ်သာမကဘဲ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်တဲ့ နိုင်ငံသားများအားလုံး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နေကာ အကြမ်းဖက်မှုများနဲ့ ပဋိပက္ခများမှ ကင်းဝေးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်လိုတဲ့ မြန်မာနိုင်ငံသားအားလုံးရဲ့ မျှော်လင့်ချက်ရောင်ခြည်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလူမျိုးစုများရဲ့ ဆန္ဒများနဲ့ ရိုးရာယဉ်ကျေးမှုများကို လေးစားမှုပြုခဲ့ရုံသာမက အလေးထားဖော်ဆောင်ပေးကာ နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီတိုင်း တိုးတက်အောင်မြင်စေနိုင်မယ့် အခွင့်အလမ်းများကို ဖန်တီးပေးဖို့အတွက် မျှော်မှန်းဖော်ဆောင်ပေးခဲ့တဲ့ စာချုပ်တစ်ရပ်လည်း ဖြစ်ပါတယ်။

NCA စာချုပ်ရဲ့ အနှစ်သာရဖြစ်တဲ့ တိုင်းရင်းသားပဋိပက္ခများနဲ့ မတူကွဲပြားမှုများကို ငြိမ်းချမ်းစွာချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်တဲ့ အလေ့အထကောင်းကို ပိုမိုပြုစုပျိုးထောင်ခြင်းဖြင့် မြန်မာပြည်သူများရဲ့ မျှော်မှန်းချက်ဆန္ဒများကို ဖော်ဆောင်ပေးသွားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ငြိမ်းချမ်းစွာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်တဲ့ မြန်မာနိုင်ငံရဲ့ NCA လမ်းကြောင်းကို ထောက်ခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနဲ့ ဖက်ဒရယ်စနစ် တည်ထောင်ခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများအပါအဝင် မြန်မာနိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်မှုများအတွက် လိုအပ်သည်များကို အစဉ်တစိုက် ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။

တစ်ဖက်မှာလည်း ငြိမ်းချမ်းရေးကို လျှောက်လှမ်းတဲ့ ခရီးလမ်းဟာ စိန်ခေါ်မှုအမြောက်အမြားနဲ့ ရင်ဆိုင်ရမယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ခရီးလမ်းတစ်လျှောက်မှာ အခက်အခဲများကို ရင်ဆိုင်ခဲ့ရပြီးဖြစ်သလို ရှေ့ဆက် လျှောက်လှမ်းရာမှာလည်း လက်ရှိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအရ စိန်ခေါ်မှုများကို ဆက်လက် ရင်ဆိုင်ကျော်လွှားသွားရဦးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလတစ်ခုကို ဖြတ်သန်းလျက်ရှိရာ ယင်းကာလမှာ NCA စာချုပ်ဟာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်နေပါတယ်။ NCA ယန္တရားဟာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ထောင်ရေးဆိုတဲ့ မြန်မာပြည်သူများရဲ့ မျှော်လင့်ချက်ဆန္ဒကို ဖော်ဆောင်ပေးနိုင်မယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပိုမိုအားလုံးပါဝင်မှုရှိတဲ့ လူမှုအသိုင်းအဝိုင်းတစ်ရပ် ထူထောင်နိုင်ရေး ခရီးလမ်းကြောင်းမှာ NCA စာချုပ်ဟာ အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်လာမှာ ဖြစ်ပါတယ်။

NCA စာချုပ်ဟာ မျှော်လင့်ချက်ရဲ့ သင်္ကေတတစ်ရပ်ဖြစ်ပြီး ပဋိပက္ခအမှောင်တိုက်အကြားမှ ငြိမ်းချမ်းမှုထံသို့ ဦးတည်လျှောက်လှမ်းနိုင်ဖို့ အလင်းပြဖော်ဆောင်ပေးနိုင်မယ့် စာချုပ်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းတည်ငြိမ်မှုရှိပြီး သာယာဝပြောစွာ မှီတင်းနေထိုင်နိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကြီး တည်ထောင်နိုင်ရေး မျှော်မှန်းချက်ကို လျှောက်လှမ်းနိုင်ဖို့အတွက် ပဋိပက္ခများကို နိုင်ငံရေးလမ်းကြောင်းအရ ဖြေရှင်းနိုင်ရေးကို ဦးတည်ကာ NCA ယန္တရားကို ပိုမိုခိုင်မာစေဖို့၊ စာချုပ်ပါ ကတိကဝတ်တွေကို လိုက်နာစောင့်ထိန်းဖို့၊ လေးနက်ပြီး အနှစ်သာရရှိတဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ဖို့အတွက် NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းများအားလုံးကို အိန္ဒိယနိုင်ငံမှ တိုက်တွန်းတောင်းဆိုလိုပါတယ်။

ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းမှာ ငြိမ်းချမ်းညီညွတ်မှုရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

## သထုံခရိုင် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**သထုံ အောက်တိုဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာပေ ချစ်မြတ်နိုးသူများ (Book Club)အဖွဲ့၊ မြို့နယ်အမျိုးသမီးများအသင်း(Woman Club)နှင့် မြို့နယ်စာရေးဆရာများအသင်းတို့ ပူးပေါင်းကာ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် လူထုအခြေပြုဗဟိုဌာန၌ လစဉ်စာဖတ်ဝိုင်းများပြုလုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က စာပေရေးရာများကို ဆွေးနွေးပြောကြားသည်။

**သုံးသပ်ဆွေးနွေး**

ယင်းနောက် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များနှင့် မြို့နယ်အမျိုးသမီးများအသင်း (Woman Club) အဖွဲ့ဝင်များက စာရေးသူ နတ်ရှင်(ရွှေဂူ) ရေးသားသည့် "လူငယ်များကို ပျိုးထောင်ပေးပါ" စာအုပ်ကို အခန်းအလိုက် ဖတ်ရှုပြီး



မှတ်သားဖွယ်ရာများ၊ ၎င်းတို့ နှစ်သက်ရာများကို အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးခဲ့သည့် ပြည်တွင်းအသိသက်သေများ၏ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအောင်မင်း ပြောကြားသည့် ဂုဏ်ပြုစကား

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသား ခေါင်းဆောင်ကြီး စောမူတူးစေးဖိုးနှင့်တကွ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ NCA စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူထုလူတန်းစား အသီးသီးမှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

NCA နှစ်ပတ်လည်နေ့ အခမ်းအနားမှာ ကျွန်တော့်ကို စကားပြောခွင့်ပြုခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ NCA ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အနည်းငယ် တင်ပြလိုပါတယ်။

၂၀၁၁ ခုနှစ်မှာ ဦးသိန်းစိန်ဟာ ပထမဆုံး ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်တဲ့ နိုင်ငံတော်သမ္မတဖြစ်လာပါတယ်။ ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့က -

(၁) မြန်မာနိုင်ငံရဲ့ လက်နက်ကိုင် ပဋိပက္ခများဟာ နှစ်ပေါင်း (၇၀)ခန့် ကြာမြင့်ခဲ့ပြီး ဖြစ်တယ်။

(၂) အစိုးရအဆက်ဆက် ငြိမ်းချမ်းရေး ဖော်ဆောင်ခဲ့ကြတယ်။ အောင်မြင်မှုများ ရရှိခဲ့တယ်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတာတွေရှိတယ်။

(၃) ဒါကြောင့် ငြိမ်းချမ်းရေးကို ထာဝရရရှိအောင် ဆောင်ရွက်ကြမယ်လို့ သန္နိဋ္ဌာန်ချခဲ့ပါတယ်။



ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အစမှာ အပစ်အခတ်ရပ်စဲရေးကို အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ဟာ ဒီမိုကရေစီစနစ်ကို ပြောင်းနေပြီဖြစ်လို့ အပစ်ရပ်ပြီး ဒီမိုကရေစီဘောင်ထဲ အားလုံးပါဝင်လာကြရင် ငြိမ်းချမ်းရေးရလာလိမ့်မယ်လို့ ကနဦး စဉ်းစားခဲ့ပါတယ်။

ဒါပေမဲ့ အပစ်အခတ်ရပ်စဲရေးကို စတင်ကြိုးစားလာတဲ့အချိန်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေ တွေ့လာရပါတယ်။

ပထမစိန်ခေါ်မှုကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ် သဘောမတူညီတဲ့အချက်တွေ ရှိနေကြတယ်။

ဒုတိယကတော့ ဒီမိုကရေစီ ပြောင်းလဲမှု ပြုလုပ်တဲ့အခါတိုင်းမှာ ဖြစ်ပေါ်လာတတ်တဲ့ မတည်ငြိမ်မှုတွေပဲ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် ကျွန်တော်တို့ အကူးအပြောင်းလုပ်ခဲ့တဲ့ပုံစံက တိုင်းပြည်ကို အုပ်ချုပ်ခဲ့တဲ့ တပ်မတော်အစိုးရကနေ ဦးဆောင်ပြီး ပြောင်းခဲ့တဲ့ပုံစံဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဗဟိုပြုပြီး ပြောင်းလဲတဲ့ပုံစံကို ဦးတည်ခဲ့ပါတယ်။

ဒါကြောင့် NCA စာချုပ်ဟာ အပစ်အခတ်ရပ်စဲရေး တစ်ခုတည်းမဟုတ်ဘဲ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ လမ်းကြောင်းကို အုတ်မြစ်ချခဲ့တဲ့ စာချုပ်လို့လည်း ပြောလို့ရပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်တို့ အစိုးရ စဉ်းစားခဲ့တဲ့ပုံစံကနေ အများကြီး ပြောင်းလဲခဲ့တဲ့ ချဉ်းကပ်မှုအသစ်တွေ တွေ့ရပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲတွေ အပြီးမှာတော့ NCA စာချုပ်ကို အကောင်အထည်ဖော်ရမယ့်အချိန် ဖြစ်လာပါတယ်။ ရွေးကောက်ပွဲရလဒ်အရ အစိုးရအသစ်ဖြစ်လာတဲ့ NLD ပါတီအနေနဲ့လည်း စာချုပ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ ကြိုးပမ်းခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ယခင် စဉ်းစားခဲ့တဲ့ချဉ်းကပ်မှုနဲ့ မတူခဲ့ပါဘူး။ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို အခြေခံပြီး ဒီမိုကရေစီအကူးအပြောင်း လုပ်မယ်ဆိုတဲ့ လမ်းကြောင်းကနေ ရွေးကောက်ပွဲရလဒ်ကို အခြေခံပြီး နိုင်ငံရေးအကူးအပြောင်းကို လုပ်မယ့်လမ်းကြောင်းကို ပြောင်းသွားခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်များဟာ ဦးစားပေးအဆင့် (၁) နေရာမှ အဆင့်လျှော့ချခြင်း ခံခဲ့ရပါတယ်။

NCA လက်မှတ်ရေးထိုးတဲ့နေ့က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ပြောခဲ့တဲ့ မိန့်ခွန်းကို အမှတ်ရနေပါတယ်။ သမ္မတကြီးက NCA ရဲ့ အနှစ်သာရဟာ ဒီစာချုပ်ကို အားလုံးဝိုင်းဝန်းပြီး ဘယ်လို အကောင်အထည် ဖော်နိုင်တယ်ဆိုတဲ့ အချက်အပေါ်မှာ မူတည်လိမ့်မယ်။ စာချုပ်ကို အကောင်အထည်ဖော်ကြတဲ့ အခါ ဒီစာချုပ်ရဲ့အနှစ်သာရ သဘောသဘာဝကို ဘယ်လောက် လေးလေးနက်နက်လက်ခံလဲဆိုတဲ့အချက်တွေမှာ မူတည်ပါလိမ့်မယ်လို့ ပြောသွားခဲ့ပါတယ်။

NCA စာချုပ်ဟာဆိုရင် ငြိမ်းချမ်းရေး သဘောတူညီချက်တွေရအောင် နိုင်ငံရေး ဆွေးနွေးပွဲတွေ ဘယ်လိုလုပ်မလဲ၊ အပစ်အခတ်ရပ်စဲရေး ခိုင်ခန့်အောင် ဘယ်လိုလုပ်မလဲ၊ အပစ်အခတ်ရပ်စဲထားတဲ့ဒေသတွေမှာ အရပ်သားလူထုကို ဘယ်လို အကာအကွယ်ပေးမလဲဆိုတာကို (peace process framework) ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ကျောရိုးတစ်ရပ်ကို သဘောတူညီထားတဲ့စာချုပ် ဖြစ်ပါတယ်။

ဒီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ အခုချိန်မှာ မပြီးပြတ်သေးပါဘူး။ ကျွန်တော်တို့ သဘောတူညီခဲ့ကြတဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည် မဖော်နိုင်ခဲ့ကြသေးပါဘူး။ ငြိမ်းချမ်းရေး ဖြစ်စဉ်တွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း ငြိမ်းချမ်းရေးမှာ ဒီရေတက်ချိန်၊ ကျချိန်ဆိုတာ ရှိတတ်ပါတယ်။ ငြိမ်းချမ်းရေး ဒီရေကျတဲ့အချိန်ကို ငြိမ်းချမ်းရေးပျက်တယ်လို့ မြင်လို့မရပါဘူး။ ငြိမ်းချမ်းရေးက ရှိနေဆဲဖြစ်ပါတယ်။

NCA စာချုပ်မှာ အင်မတန်အရေးကြီးတဲ့ အချက်တစ်ခုပါရှိပြီး ဖြစ်ပါတယ်။ စာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ အစုအဖွဲ့တိုင်းဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်ဆိုတဲ့အချက်ကို သဘောတူလက်ခံတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်ကို ဘယ်လို စနစ်မျိုးနဲ့ ထူထောင်သွားမယ်ဆိုတာကို လက်ခံပြီး ဖြစ်ပါတယ်။ ဒီအချက်ဟာ မြန်မာနိုင်ငံသမိုင်းမှာ အင်မတန် အရေးပါတဲ့ နိုင်ငံရေးသဘောတူညီချက်ဖြစ်ပါတယ်။ ဒီအချက်ကိုကျွန်တော်တို့အားလုံး လက်ခံထားသရွေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဆက်လက်ရှင်သန်နေဦးမှာ ဖြစ်ပါတယ်။

NCA အလုပ်မဖြစ်ဘူးလို့ ပြောနေကြပါတယ်။ ကျွန်တော့်အမြင်ကတော့ နိုင်ငံရေးအရအဖြေရှာမှုကို ဆန့်ကျင်နေသရွေ့တော့ NCA အကောင်အထည်ဖော်မှုကို ထိခိုက်နေမှာ အမှန်ဖြစ်ပါတယ်။

NCA သေဆုံးသွားပြီလို့ ပြောနေကြပါတယ်။ NCA မသေပါဘူး။ ယနေ့ လုပ်တဲ့ပွဲက သက်သေဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လားရှိုးမြို့ခရီးစဉ် ပြည်သူလူထုနဲ့တွေ့ဆုံပွဲမှာ မြန်မာနိုင်ငံရဲ့ ၁၉၄၈ ခုနှစ်မှ ယနေ့အထိ လက်နက်ကိုင် ပဋိပက္ခများရဲ့ သမိုင်းကြောင်းကို အသေးစိတ် ရှင်းပြခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်တော်တို့ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိတယ်၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြတယ်၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့် စာချုပ်ဖြစ်တယ်၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည် ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှာလည်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဆိုတဲ့အချက်ကို တွေ့ရသလို နိုင်ငံရေး ဦးတည်ချက်တွေမှာလည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်ချက်ထားတာကို တွေ့ရပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီအကူးအပြောင်း အောင်မြင်ဖို့အတွက် NCA ကို အကောင်အထည်ဖော်နိုင်ဖို့က အရေးကြီးပါတယ်။ သို့မှသာ NCA လမ်းကြောင်းပေါ်မှာပဲ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး နောင်အနာဂတ်မျိုးဆက်တွေအတွက် NCA ရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာနိုင်ရေး ဝိုင်းဝန်းကြိုးစားကြဖို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## မန္တလေးဈေးကွက်အတွင်း ပြည်တွင်းထုတ်စားသုံးဆီများ ဖူလုံစွာ ထုတ်လုပ်ရောင်းချပေး

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးဈေးကွက်အတွင်း ပြည်တွင်းထုတ်စားသုံးဆီများကို စားသုံးသူပြည်သူများအတွက် သက်သာသောနှုန်းထားများဖြင့် ဖူလုံစွာထုတ်လုပ်ရောင်းချပေးနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

ယခုအချိန်တွင် စားသုံးဆီအတွက် ပြည်သူများလိုအပ်ချက်မရှိစေရန် ပြည်တွင်းမှ ထွက်ရှိသည့်သီးနှံများကို ဆီအဖြစ်ကြိတ်ခွဲပြီး ဈေးကွက်အတွင်း၌ ဖူလုံစွာရောင်းချပေးနေကြောင်း၊ ရောင်းချပေးရာတွင် မြေပဲဆီတစ်ပိဿာလျှင်ငွေကျပ် ၁၅၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင်ငွေကျပ် ၁၄၀၀၀၊ နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ မုန်ညင်းဆီ တစ်ပိဿာလျှင်ငွေကျပ် ၁၀၀၀၀၊ ပန်းနှမ်းဆီတစ်ပိဿာလျှင်ငွေကျပ် ၁၄၀၀၀၊ ပဲပုပ်ဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

“ပြည်တွင်းထုတ်စားသုံးဆီတွေကို ဖူလုံစွာနဲ့ ဈေးကွက်အတွင်းမှာ ထုတ်လုပ်ရောင်းချပေးနေပါတယ်။ အခုရက်ပိုင်းမှာ မန္တလေးမြို့ပေါ်နဲ့ အနီးတစ်ဝိုက်မှာရှိကြတဲ့ ဆီစက်တွေဟာ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ လည်ပတ်ပြီးတော့ ထွက်ရှိတဲ့သီးနှံတွေကို ဆီအဖြစ်ကြိတ်ခွဲပြီး ဈေးကွက်အတွင်းမှာ ရောင်းချနေပါတယ်။ ဒီရက်ပိုင်းမှာ မိုးမြေပဲတွေလည်း လှိုင်လှိုင်ပေါ်နေပြီ။ အလယ်ပိုင်းကထွက်ရှိတဲ့ နှမ်းတွေလည်း ရိတ်သိမ်းပြီးတော့ ဈေးကွက်အတွင်းမှာ ရောင်းချနေပါတယ်။ မြေပဲဆီ၊ နှမ်းဆီများတင်မကဘဲ ပဲပုပ်၊ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်းဆီတို့ကိုလည်း အပြိုင်ကြိတ်ခွဲပြီး ရောင်းချပေးနေပါတယ်” ဟု ၎င်းက ပြောသည်။

ပြည်တွင်းမှထွက်ရှိသည့် သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်း၊ မုန်ညင်း စသည်တို့ကို ဆီအဖြစ်ကြိတ်ခွဲပြီး စားသုံးသူပြည်သူများအတွက် လိုအပ်ချက်မရှိစေရန် ဖြည့်ဆည်းပေးသည့်အနေဖြင့် ဈေးကွက်အတွင်းသို့ ရောင်းချပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်စွာဖြင့် ဆီထွက်သီးနှံများထွက်ရှိသည့်အတွက် ပြည်တွင်းထုတ်လုပ်သည့်ဆီများကို မြန်မာပြည်အနှံ့ မည်သည့်ဒေသ၌မဆို လွယ်ကူစွာဖြင့် လိုသလောက် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား မြင်ကွင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ NCA-S-EAO တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရသည့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ အိမ်နီးချင်းနိုင်ငံများ၏ အထူးကိုယ်စားလှယ်များ၊ EAOအထောက်အကူပြုများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံ အခြေစိုက်သံရုံးများမှသံတမန်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်လာသူတစ်ဦး မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။





တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်လာသူများကို တွေ့ရစဉ်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှု မြင်ကွင်း






ကချင်ပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက "ပြည်ထောင်စုရဲ့ မြောက်ဘက်ဆီသို့ အလည်လာပါ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



ကယားပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက "ကယားတို့၏သဘာဝအလှနှင့် စုပေါင်းအက" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



ကရင်ပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက" ငြိမ်းချမ်းဝေဆာ ပြည်မြန်မာ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



ချင်းပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက "စည်းလုံးခြင်း " တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အ အကစ္ခရာ အောင်ပါစေ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



မွန်ပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက "ဝန်းရံကြမည် အမိမြန်ပြည်"တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



ရခိုင်ပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက "လည်ဖောင်လာပါ ပြည်ညော" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။



ရှမ်းပြည်နယ်မှ တိုင်းရင်းသား/ တိုင်းရင်းသူများက "ရှမ်းတောင်တန်းအလှနှင့် ရှမ်းတို့ရိုးရာအက" တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား မြင်ကွင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ကော်မတီ၊ ကော်မရှင်များမှပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်သည်တော်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား တက်ရောက်လာသူများ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။




ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာ အကအဖွဲ့များစုပေါင်း၍ “ သွေးရင်းများပီပီ ” တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြည်ထောင်စုလှေ။




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ငြိမ်းချမ်းရေးကြိုးပမ်းမှုမှတ်တမ်းဓာတ်ပုံများ။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားမှ ငြိမ်းချမ်းရေးစကားသံများ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC II) ၌ ကျင်းပခဲ့ရာ အခမ်းအနားတက်ရောက်လာကြသူများ၏ ငြိမ်းချမ်းရေးနှင့်စပ်လျဥ်းသည့် စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



ဦးကိုကိုလှိုင်
ပြည်ထောင်စုဝန်ကြီး



ခွန်ဥက္ကာ



ဦးလှမောင်ရွှေ



ဦးကိုကိုကြီး

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) က အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား သဘောတူ ချုပ်ဆိုထားတဲ့ စာချုပ်တစ်ရပ်ဖြစ်ပြီး စာချုပ်လက်မှတ်ရေးထိုးရာမှာ ပြည်တွင်း သက်သေတွေနဲ့ နိုင်ငံတကာသက်သေ တွေဖြစ်တဲ့ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်နိုင်ငံတို့က သံတမန် တွေပါ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ ခိုင်မာတဲ့စာချုပ် ဖြစ်ပါတယ်။

NCA ရဲ့ အခြေခံမူတွေမှာ ရေရှည် တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး တည် ဆောက်နိုင်ရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေ၊ အာမခံချက်တွေ အပြည့်အဝရှိတဲ့ ဒီမို ကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်တွေနဲ့အညီ တည်ဆောက်သွားရန်၊ နိုင်ငံရေးပြဿနာကို စစ်ရေးနဲ့ ဖြေရှင်း ခြင်းမပြုဘဲ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းမယ့် နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်နိုင်ရန်၊ တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက် ရန်ဆိုပြီး ပါရှိတဲ့အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ နဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတို့ကို ဖွဲ့စည်းပြီး ဆွေးနွေးဆောင်ရွက်ခဲ့ကြ ပါတယ်။

NCA လက်မှတ်ရေးထိုးပြီးနောက်မှာ NCA မှာပါတဲ့ ပြဋ္ဌာန်းချက်တွေအတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲ ရေးသဘောတူစာချုပ်အကောင်အထည် ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ကျင်းပခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)နဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)တို့ကို ဖွဲ့စည်းခဲ့ပြီး ကော်မတီ အလိုက် လုပ်ငန်းလမ်းညွှန် (ToR)တွေ၊ လုပ်ထုံးလုပ်နည်း(SOP) တွေနဲ့ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်တွေကိုလည်း ရေးဆွဲဆောင်ရွက်ခဲ့ကြပါတယ်။

NCA ပါပြဋ္ဌာန်းချက်တွေကို အကောင် အထည်ဖော် ဆောင်ရွက်ခြင်းအနေနဲ့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်အထိ JICM အစည်းအဝေး စုစုပေါင်း (၉)ကြိမ်နဲ့ UPDJC အစည်းအဝေး စုစုပေါင်း အကြိမ် (၂၀)၊ JMC-U အစည်းအဝေး စုစုပေါင်း (၁၉)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေး မှု ပူးတွဲကော်မတီမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ(၅)ကြိမ် ကျင်းပပြုလုပ်ပြီး ရရှိလာတဲ့ သဘောတူညီချက် (၇၂) ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း အတည်ပြုချက်ရယူခဲ့ပြီး ဖြစ်တဲ့အတွက် ဒီသဘောတူညီချက် တွေကို ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရလက်ထက်မှာ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွေကို အရှိန်အဟုန် မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှာ နိုင်ငံတော် ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှုဗဟိုကော်မတီ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှုလုပ်ငန်းကော်မတီ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါတယ်။

ဗဟိုကော်မတီက ချမှတ်ပေးတဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေနဲ့အညီ လုပ်ငန်း ကော်မတီက လိုအပ်တဲ့အချိန်ဇယားနဲ့ မဟာဗျူဟာတွေကို ချမှတ်ပြီး ညှိနှိုင်းရေး ကော်မတီက လက်တွေ့အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ လကနေ ဒီနေ့အချိန်အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ (၇၃) ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုသေးတဲ့ တိုင်းရင်းသားလက်နက် ကိုင် အဖွဲ့အစည်းတွေနဲ့ (၂၅) ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ (၁၆)ကြိမ်၊ ငြိမ်းချမ်း ရေးအကျိုးဆောင်အဖွဲ့တွေနဲ့ (၇)ကြိမ်၊ စုစုပေါင်း တွေ့ဆုံဆွေးနွေးမှု (၁၂၁)ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

ညှိနှိုင်းရေးကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့၊ နိုင်ငံရေးပါတီတွေနဲ့ ဘာသာရေး ခေါင်းဆောင်တွေကို တွေ့ဆုံဆွေးနွေးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး အတွက် လက်တွဲပူးပေါင်း အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့နဲ့ (၆)ကြိမ် ဆွေးနွေးနိုင်ခဲ့ပြီး NCA လက်မှတ် မရေးထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့ ဖြစ်တဲ့ UWSA၊ SSPP၊ MNDAA တို့နဲ့လည်း တွေ့ဆုံဆွေးနွေးမှု(၅)ကြိမ် ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးရာမှာ သဘောတူညီချက်တွေအနေနဲ့ ပါတီစုံ ဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေး အတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက် ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေး နှင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတစွာ ယှဉ်ပြိုင်နိုင် ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ခုနှစ် ပြင်ဆင်နိုင်ရေး ဆွေးနွေး ခဲ့ကြရာမှာလည်း သဘောတူညီချက် (၂၁)ချက် ရရှိခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနဲ့ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက် ဖြစ်တဲ့ **နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ အတွက် ပဓာနကျသော ငြိမ်းချမ်းရေးကို နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ပူးပေါင်း ပါဝင်တည်ဆောက်ကြရန်၊ အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံ ရေး၊** ရှေ့လုပ်ငန်းစဉ် (၅)ရပ်နဲ့ ဦးတည် ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိရာ ညှိနှိုင်းရေး ကော်မတီအနေနဲ့လည်း NCA နဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ ပြီး နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်၊ ရည်မှန်းချက်၊ ဦးတည်ချက်တွေနဲ့အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက် မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးကိုကိုလှိုင်**
**ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန-၂**

NCA ဆိုတာတိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံတော် အစိုးရ၊ တပ်မတော်တို့အကြား အပြန် အလှန်အကြိမ်ကြိမ်ညှိနှိုင်းပြီး ထွက်ပေါ် လာတဲ့ ရလဒ်ဖြစ်ပါတယ်။ ဒီရလဒ်တွေ ကို နိုင်ငံတကာအသိသက်သေတွေရဲ့ ရှေ့မှာလက်မှတ်ရေးထိုးခဲ့ပြီး လွှတ်တော် ကလည်း မှတ်တမ်းတင်ထားပြီးသားဖြစ် ပါတယ်။ NCA ဆိုတာ တကယ်တမ်း ပြောရရင် ခေတ်အဆက်ဆက်က ကြိုးပမ်း ခဲ့ကြတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အများကြီး အထောက်အကူပြုနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။ သို့သော် လည်း မြန်မာနိုင်ငံရဲ့ အခြေအနေတွေက အင်မတန်ရှုပ်ထွေးပါတယ်။ သူများ နိုင်ငံတွေနဲ့စာရင် လွတ်လပ်ရေးရပြီး ကတည်းက၊ တချို့ဆိုရင် လွတ်လပ်ရေး မရခင်ကတည်းက ပေါ်ပေါက်လာခဲ့တဲ့ ပြည်တွင်း လက်နက်ကိုင်အဖွဲ့အမျိုးမျိုး၊ သူတို့ရဲ့ ရည်ရွယ်ချက်အမျိုးမျိုး၊ အကျိုး စီးပွားအမျိုးမျိုး၊ အခြေအနေနောက်ခံ အမျိုးမျိုးကနေ ပေါ်ပေါက်လာတာဖြစ်တဲ့ အတွက် ပြီးပြည့်စုံအောင်မြင်ဖို့ဆိုတာ ကျော်လွှားရဦးမှာဖြစ်ပါတယ်။ အရေး အကြီးဆုံးက ငြိမ်းချမ်းရေးကို စိတ်ထား မှန်မှန်နဲ့ အားလုံးကလိုချင်ကြပြီး အပြန် အလှန်ညှိနှိုင်းပြီး သူ့ဘက်ကိုယ့်ဘက် အလျှော့အတင်းတွေ လုပ်ပေးနိုင်မယ် ဆိုရင် NCA က ဆက်ပြီး လျှောက်ရမယ့် လမ်းကြောင်းဖြစ်တယ်ဆိုတာ ပြောချင် ပါတယ်။

NCA လမ်းကြောင်းတစ်လျှောက်မှာ ဖြတ်သန်းလာကြရင်း တွေ့ကြုံရတဲ့ စိန်ခေါ် မှုတွေနဲ့ အခက်အခဲတွေ အများကြီးရှိပါ တယ်။ ဒီအခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို အခုလို ပြန်လည်ဆုံစည်းပြီး စုပေါင်း ကျော်လွှားနိုင်ဖို့ ကြိုးပမ်းအားထုတ် ကြရမှာဖြစ်ပါတယ်။ ဘယ်လို အခက်အခဲ ပဲတွေ့တွေ့ ရည်မှန်းချက်က ပြည်တွင်း တည်ငြိမ်အေးချမ်းဖို့ပဲ ဖြစ်ပါတယ်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှ နိုင်ငံတော် က ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ တည်ငြိမ်မှုနဲ့ အေးချမ်းမှုကိုအားလုံးက ဝိုင်းဝန်းပြီး တည်ဆောက်ရမယ်ဆိုတဲ့ ပြည်ထောင်စု စိတ်ဓာတ်၊ ငြိမ်းချမ်းရေးလိုလားတဲ့ စေတနာတွေ ပေါင်းစပ်လိုက်မယ်ဆိုရင် အခုကျင်းပတဲ့ NCA ပွဲဟာ ကောင်းမွန်တဲ့ ရလဒ်တွေ ဆောင်ကြဉ်းလာနိုင်မယ်လို့ မျှော်လင့်ပါတယ်။ **စာမျက်နှာ ၁၈ သို့** ✪

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇)ဖွဲ့မှခေါင်းဆောင်များ၊ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အရပ်သား ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေး ပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လေ့လာသူ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက "NCA မှသည် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ၊ စိန်ခေါ်မှုများ၊ အားသာချက်နှင့် အားနည်းချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားများကို ပြန်လည်စုစည်းဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူအားလုံးက ဆွေးနွေးချက်များအရ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ တက်ရောက်လာခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ တက်ရောက်ဆွေးနွေးစေလိုပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❂ **စာမျက်နှာ ၁၇ မှ**

ကျွန်တော်တို့နိုင်ငံက သူများနိုင်ငံတွေနဲ့စာရင် သယံဇာတတွေလည်း ပေါများတယ်။ လူအင်အားအရင်းအမြစ်ကလည်း ကြွယ်ဝပါတယ်။ တည်နေရာအနေအထားကလည်း အင်မတန်မှ မဟာဗျူဟာ အချက်အချာကြပါတယ်။ ဘက်ပေါင်းစုံကနေပြည့်စုံနေတဲ့ နိုင်ငံတစ်ခုဟာ တည်ငြိမ်အေးချမ်းပြီး အားလုံးက ညီညီညွတ်ညွတ်နဲ့ စုပေါင်းလုပ်ကိုင်ကြမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်လာဖို့က သေချာပါတယ်။ အခုချိန်မှာ ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ဖို့ပါပဲ။ ဒါကို တစ်မျိုးသားလုံးရဲ့ ဘုံရည်မှန်းချက်အနေနဲ့ ထားရှိကြပြီး တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုတွေ၊ ယုံကြည်မှုတွေ၊ လိုက်လျောမှုတွေနဲ့ သဘောထားကြီးကြီး ညီအစ်ကိုစိတ်ဓာတ်တွေနဲ့ ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပြည်တွင်းတည်ငြိမ် အေးချမ်းမှု ငြိမ်းချမ်းရေးဟာ မလွဲမသွေရနိုင်မယ်လို့ ယုံကြည်ပါတယ်။

**ခွန်ဥက္ကာ**
**ဦးဆောင်ကော်မတီအဖွဲ့ဝင်**
**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**
**ဦးဆောင်အဖွဲ့(PPST)**

လက်နက်ကိုင်ပဋိပက္ခမှာ ပါဝင်နေတဲ့ အဖွဲ့အစည်းတွေကို အကြံပေးချင်တာက နိုင်ငံရေးဆွေးနွေးဖက်တွေအဖြစ် ပြောင်းလဲကြပါ။ ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းနဲ့ အဖြေရှာကြပါ။ လက်နက်ကိုင်တဲ့နည်း၊ စစ်ရေးအရအဖြေရှာခြင်းဟာ အဖြေတကယ်မရပါဘူး။ ဆွေးနွေးခြင်းဖြင့်သာ အဖြေရှာရမှာဖြစ်ပါတယ်။ အခု NCA စာချုပ်ဟာ ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ စာချုပ်ဖြစ်ပါတယ်။ သို့သော် အစိတ်အပိုင်းအလိုက် focus area တွေမှာပဲ ပဋိပက္ခမရှိတာဖြစ်ပါတယ်။ ဥပမာ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းမှာ ဘာပဋိပက္ခမှ မရှိပါဘူး။ မွန်ပြည်နယ် မွန်ပြည်သစ်ပါတီနယ်ထဲမှာ ဘာပဋိပက္ခမှ မရှိပါဘူး။ နိုင်ငံသားတွေ အေးအေးချမ်းချမ်း သွားလာလို့ရပါတယ်။ ပဋိပက္ခလမ်းကြောင်းကို ရွေးချယ်တဲ့သူတွေကတော့ သူတို့သဘောပါပဲ။ သို့သော်လည်း ပဋိပက္ခကြောင့် ဘေးထွက်ဆိုးကျိုးအနေနဲ့ ဒုက္ခသည်တွေ၊ စစ်ဘေးစစ်ရှောင်တွေ ရာသီဥတုဒဏ်ခံရမယ်။ စားနပ်ရိက္ခာရှားပါးမှုတွေ၊ ဆေးဝါးရှားပါးမှုတွေ ရှိလာမယ်။ ဒီဒုက္ခတွေကိုလည်း ဝိုင်းဝန်းဖြေရှင်းကြဖို့ လိုပါတယ်။ ပဋိပက္ခထဲမှာပါတဲ့သူတွေက ပဋိပက္ခရဲ့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ ဒုက္ခရောက်တဲ့သူတွေ၊ စစ်ဘေးစစ်ရှောင်တွေကို မကူညီနိုင်ဘူး။ NCA ထိုးထားတဲ့ အဖွဲ့တွေက စစ်ဘေးစစ်ရှောင်တွေကို ကူညီဖို့ တာဝန်ဖြစ်လာတယ်။ ဒါကလည်း လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေပေးတဲ့အပေါ်မှာ မူတည်တယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေက ကူညီဖို့ NCA ရဲ့ ပြဋ္ဌာန်းချက်တွေအတိုင်း လုပ်ဆောင်နေကြပါတယ်။

ဒီနေ့လို အခမ်းအနားတွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်သွားနိုင်အောင် လမ်းဖွင့်ပေးတယ်။ ဒါကြောင့် နိုင်ငံရေးအဓိပ္ပာယ် ပြည့်ဝစွာနဲ့ လုပ်ဆောင်ပေးကြပါ။ ဘာဖြစ်လို့လဲဆိုတော့ NCA မရှိတော့ဘူး၊ ပျက်ပြယ်ပြီလို့ ပြောဆိုတဲ့သူက များလာတယ်။ NCA က ပျက်ပြယ်လို့ရတဲ့ စာချုပ်မျိုး မဟုတ်ပါဘူး။ NCA က Legal Document ဖြစ်ပါတယ်၊ ခိုင်မာပါတယ်လို့ ပြောချင်ပါတယ်။ လွှတ်တော်က အတည်ပြုထားတဲ့ စာချုပ်ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုက ပျက်ပြယ်ပြီလို့ ပြောရုံနဲ့ မပျက်ပြယ်နိုင်ပါဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က တစ်ဖွဲ့၊ တစ်ဦး တစ်ယောက်တည်း ပိုင်တာမဟုတ်ပါဘူး။ အားလုံးပိုင်တဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။

**ဦးလှမောင်ရွှေ**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်**
**ငြိမ်းချမ်းရေးဖော်ဆောင်မှု**
**ညှိနှိုင်းရေးကော်မတီ(NSPNC) အဖွဲ့ဝင်**

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် လက်ထက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်ကစပြီး ယနေ့အထိ နိုင်ငံသားတစ်ယောက်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ခဲ့တယ်။ ကျွန်တော့်အတွေ့အကြုံအရပြောရရင် ငြိမ်းချမ်းရေးက အတက်အကျတွေ ရှိတတ်ပါတယ်။ အကြောင်းကြောင်းကြောင့်အရှည်အသွေး တည်ဆောက်ရေး အားနည်းချိန်မှာ မမျှော်လင့်နိုင်တဲ့ ကိစ္စတွေဖြစ်တတ်ပါတယ်။ ဒီနေ့အခမ်းအနားက အရှည်အသွေး တည်ဆောက်ရေးကို တစ်ဆင့်တစ်ဆင့်နဲ့ ပြန်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီနေ့မှာ အစီအစဉ်တစ်ခုအနေနဲ့ အလုပ်ရုံဆွေးနွေးပွဲရှိပါတယ်။ ဒီဆွေးနွေးပွဲမှာ State holder တွေရဲ့ စကားသံတွေ နားထောင်ပြီး ကောင်းတဲ့ဘက်ကို စဉ်းစားလုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

ပကတိအခြေအနေကို မှန်မှန်ကန်ကန် သိမြင် နားလည်ပြီး လက်တွေ့ကျတဲ့ ခြေလှမ်းတွေနဲ့ ကြိုးပမ်းဆောင်ရွက်ဖို့လိုတယ်။ တစ်ဦးချင်းရဲ့ ယုံကြည်မှုကို ကျွန်တော်တို့ မဝေဖန်လိုပါဘူး။ သို့သော် ကျွန်တော့်အနေနဲ့ အကြမ်းမဖက်တဲ့ နိုင်ငံရေးနည်းကိုပဲ တစိုက်မတ်မတ် ယုံကြည်ပြီး ဆောင်ရွက်လာတာဖြစ်ပါတယ်။ နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းနိုင်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ NCA လက်မှတ်ထိုးတာကတော့ ၁၀ ဖွဲ့ ရှိပါတယ်။ NCA ဖျက်သိမ်းလိုက်ပြီ၊ NCA ကနေ နုတ်ထွက်လိုက်ပြီဆိုတာမျိုး ဘယ်သူမှ ပြောကြတာမရှိပါဘူး။

ငြိမ်းချမ်းရေးရဲ့ သဘောသဘာဝကို နိုင်ငံတကာကို သွားရောက်ပြီး အများကြီး လေ့လာဖူးပါတယ်။ တစ်ခါတလေ နီးလာလိုက်၊ ဝေးသွားလိုက်၊ တက်လိုက်ကျလိုက် ဖြစ်တာကတော့ သဘာဝပါပဲ။ အခု ကျွန်တော်တို့ ရင်ဆိုင်ရတာက အရင်က မကြုံဖူးတဲ့ တင်းမာမှုပဋိပက္ခကို ကြုံနေရတယ်။ ဒါတွေကိုဖြေရှင်းဖို့ အရင် NCA ကာလတုန်းက စဉ်းစားတာတွေထက် ပိုပြီးတော့ စဉ်းစားချဉ်းကပ်ဖို့ လိုပါတယ်။

NCA ကတော့ လွှတ်တော်ပြင်ပကနေ ဆောင်ရွက်နိုင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း လွှတ်တော်တွေထဲမှာက နိုင်ငံရေးပါတီတွေ အားကောင်းလာဖို့ လွှတ်တော်အသက်ဝင်အားကောင်းလာဖို့ ဒါမှသာ NCA စာချုပ်အရ အစိုးရ၊ တပ်မတော်၊ လွှတ်တော်ဆိုတဲ့ အင်္ဂါစုံလာမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပချိတ်ဆက်ပြီး ဆောင်ရွက်ဖို့လိုတယ်လို့ မြင်ပါတယ်။

**တွေ့ဆုံမေးမြန်း**
**မျိုးဆက်သစ်**
**ဓာတ်ပုံ – အေးဟိန်း**

## လောင်းလုံးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ထားဝယ် အောက်တိုဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ငါးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းက လောင်းလုံးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ ငါးမွေးမြူရေး စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် လောင်းလုံးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အရ အပူချိန်မြင့်မားမှုကြောင့် ရေငွေ့ပြန်မှုများပြီး ငါးမွေးကန်များတွင် ရေအသစ်လဲလှယ်ရန် ရေလှောင်ကန်များထားရှိရေး၊ ငါးမွေးကန်များတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်လာစေရန် ဆောင်ရွက်ရေး၊ ငါးကောင်ရေလျှော့ချမွေးမြူရေးနှင့် ငါးရောဂါများ ဖြစ်ပွားလာနိုင်ခြင်းတို့ကြောင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များ စသည့်အကြောင်းအရာများကို ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီစဉ်ချီးမြှင့်သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၅

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က စီစဉ်ချီးမြှင့်သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။



ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြာ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။



ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။

ဦးစွာ ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ်ပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်တို့ကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ယဉ်ကျေးမှုအကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များသည် အင်္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်း တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြပြီး နေပြည်တော် Junction Centre သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ညပိုင်းတွင် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့ ကျင်းပပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှု အကများဖြင့် အနုသုခုမပညာမြောက်စွာ တင်ဆက်ဖျော်ဖြေနိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Hotel Max ၌ စီစဉ်ချီးမြှင့်ဆောင်ရွက်ပေးသည့် ညစာစားပွဲသို့ တက်ရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ ရင်းနှီးစွာသုံးဆောင်ခဲ့ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့မှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ ပါဝင် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီစဉ်ချီးမြှင့်သည့် ဂုဏ်ပြုညစာစားပွဲကျင်းပစဉ်။

## ညောင်ရွှေမြို့၌ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြော

ညောင်ရွှေ အောက်တိုဘာ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းရွာကျေးရွာ၊ တောင်ပိုကိုးလုံးကျေးရွာနှင့် ပေါရိသာဒ်ကျေးရွာမှ ငါးမွေးတောင်သူများအား အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို တီလောစခန်းကြီးကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ဦးသော်ထွန်းဦးက အယ်လ်နီညိုကျရောက်မှုကြောင့် ငါးမွေးမြူရေးကန်များ အပူချိန်မြင့်တက်၍ ကန်ရေအောက်ဆီဂျင် လျော့နည်းမှုမဖြစ်ပေါ်စေရေးအတွက် မွေးငါးအရွယ်အစားတူညီစေရေး၊ ငါးထည့်သွင်းမွေးမြူသည့်အရေအတွက် လျှော့ချမွေးမြူရေး၊ အစာကျွေးနှုန်းမှန်ကန်ရေးနှင့် မိုးအလွန်အကျွံရွာသွန်းခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်အချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားသင့်သည်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ်

ဒေါက်တာဇင်နွယ်မြင့်၊ ပါမောက္ခ (ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

**အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ ပြုပြင်ပြောင်းလဲမှုအစီအစဉ်အရ ၂၀၂၄ ပညာသင်နှစ်တွင် ဒွါဒသမတန်း (Grade 12)သည် စနစ်သစ်ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ပထမဆုံးဖြေဆိုကြရမှာဖြစ်ပါသည်။ ဒါကြောင့် ယနေ့ ၂၀၂၄ ခုနှစ် စနစ်သစ်သင်ရိုးတက္ကသိုလ်ဝင်စာမေးပွဲမှာ ပထဝီဝင်ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများအားလုံး လွယ်ကူချောမောစွာ ဖြေဆိုနိုင်ရန်ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ပို့ချခြင်းဖြစ်သည်။**

ရှေးဦးစွာ ဒွါဒသမတန်းပထဝီဝင်ဘာသာရပ်အတွက် အသစ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံးဖတ်စာအုပ်တွင် သင်ခန်းစာ အခန်းကြီး ၅ ခန်း ပါဝင်ပါသည်။

အခန်း (၁)သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်း ပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမည် ဖြစ်သည်။

အခန်း(၂)ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု လုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းများပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမည်ဖြစ်သည်။

အခန်း(၃)သည် ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သောနည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံအချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမည် ဖြစ်သည်။

အခန်း (၄) သည် ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသော နိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမည် ဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်း ဖြစ်သည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များ အကြောင်း နားလည်စေရန်နှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သော အခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံဆိုင်ရာ အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်း ဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၄ ခုနှစ်တွင် စတင်ကျင့်သုံးမည့် စနစ်သစ်တက္ကသိုလ်ဝင်စာမေးပွဲ၊ ပထဝီဝင် ဘာသာရပ်မေးခွန်းပုံစံကို ရှင်းပြပါမည်။ ယခုလာမည့် ၂၀၂၄ ခုနှစ်တွင် တက္ကသိုလ်ဝင် ပထဝီဝင် ဘာသာရပ်မေးခွန်းသည် အသစ်ပြောင်းလဲလာသော သင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် ပြဋ္ဌာန်းထားသည့် ကျောင်းသုံးစာအုပ်ကို အလွတ်ကျက်မှတ်၍ ဖြေဆိုမှုလျော့နည်းလာစေရန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုသောစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြုစုမည့် မေးခွန်းပုံစံမျိုး ဖြစ်သည်။

မေးခွန်းတွင် အပိုင်း(က)မှ အပိုင်း(စ)အထိ အပိုင်း(၆) ပိုင်းပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည် ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန်က ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ ၁၀၀ ဖြစ်သည်။

သင်ရိုးသစ်ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က)သည် ဗဟုဝိဓဋ္ဌာန်မေးခွန်းများဖြစ်ပြီး အမှတ် (၃၀) ဖိုးမေးမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများ အားလုံးကို ခြုံငုံသိ နားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန် အတွက် ဗဟုဝိဓဋ္ဌာန်မေးခွန်းများကို အမှတ် (၃၀)အထိ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် ၁ ဖြစ်ကာ ၁(က)၊ ၁ (ခ) နှင့် ၁ (ဂ) ဟူ၍ ၃ ပိုင်း ပါရှိမည်။ မေးခွန်း ၁(က)သည် မှားမှန်ရွေး၊ မေးခွန်း ၁(ခ) သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁(ဂ)သည် ပေးထားသော အဖြေများထဲမှ အဖြေမှန် တစ်ခုကိုရွေးရန် ဖြစ်သည်။ မေးခွန်း ၁ (က) အတွက် ၁၀ မှတ်၊ ၁ (ခ) အတွက် ၁၀ မှတ်နှင့် ၁ (ဂ)အတွက် ၁၀ မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀) မှတ် ပေးထားခြင်းဖြစ်သည်။ ထိုဗဟုဝိဓဋ္ဌာန် မေးခွန်းများကို ဒွါဒသမတန်းသင်ရိုး ကျောင်းသုံးစာအုပ်ရှိ အခန်း ၁ မှ ၅ အထိ၊ အပိုင်းအားလုံးမှ ထုတ်နုတ်ပြီးမေးမည် ဖြစ်သည်။

အပိုင်း(ခ) တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာအခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် ၂ တွင် မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ ၃ ခုမှ ကြိုက်နှစ်သက်ရာ ၂ ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည်တစ်ပုဒ်တည်းဖြေက ၁၄ မှတ်ရပြီး ကြိုက်နှစ်သက်ရာ ၂ ပုဒ်ကိုရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို ၇ မှတ်စီဖြင့် ၁၄ မှတ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၁၄ မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်းဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကို မဖြေလိုက ပေးထားသည့် ၃ ခု အနက် ၂ ပုဒ် ကို မှတ်စုတိုဖြေရန်ဖြစ်သည်။

မေးခွန်း၏ အပိုင်း (ဂ)သည် သင်ရိုးဖတ်စာအုပ် မာတိကာပါ အခန်း ၂၊ ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအပိုင်းအားမေးမှာဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၃) ဖြစ်သည်။ ယခုအပိုင်း(ဂ) တွင်လည်း အပိုင်း (ခ) မှာကဲ့သို့ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် မှတ်စုတို (၃) ပုဒ်မှ ၂ ပုဒ် ကို ရွေးချယ်ဖြေဆိုနိုင်ပြီး ပေးမှတ်မှာ (၁၄) မှတ် ဖြစ်သည်။

မေးခွန်း၏အပိုင်း(ဃ)သည် ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်း နံပါတ် (၄) ဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့က အပိုင်း (ခ) နှင့်(ဂ)ကဲ့သို့ မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ ၃ ခု အနက် ကြိုက်နှစ်သက်ရာ ၂ ခုကို ရွေးချယ်၍ မှတ်စုတိုဖြေဆိုရန် ဖြစ်သည်။ ပေးမှတ်မှာလည်း မေးခွန်းရှည်တစ်ပုဒ်တည်းဖြေက ၁၄ မှတ်ဖြစ်ပြီး မှတ်စုတို ၂ ပုဒ် ရွေးချယ်ဖြေဆိုပါက တစ်ပုဒ်လျှင် ၇ မှတ်နှုန်းဖြင့် ၁၄ မှတ် ဖြစ်သည်။

မေးခွန်း၏ အပိုင်း (င)သည် ဒေသန္တရပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် ၅ ဖြစ်သည်။ ထိုအပိုင်းသည် အမေရိကတိုက်များမှ အချို့သောနိုင်ငံများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့ကအပိုင်းများကဲ့သို့ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ ၃ ခု အနက်မှ ကြိုက်ရာ ၂ ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ထိုအပိုင်းအတွက် ပေးမှတ်မှာလည်း ရှေ့က အပိုင်းများကဲ့သို့ ၁၄ မှတ် ဖြစ်သည်။

ဒွါဒသမတန်း သင်ရိုးသစ်ပထဝီဝင်ဘာသာရပ်တွင် မေးခွန်းအပိုင်း (စ)သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ် ၆ ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင် ဖြစ်သည်။ မေးခွန်းရှည် တစ်ပုဒ် သို့မဟုတ် မေးခွန်းတို ၂ ပုဒ်ရွေးချယ်ဖြေဆိုရန် ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှစူးစမ်းလေ့လာမှု နည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိက အပိုင်းကြီး ၂ ပိုင်းရှိရာ ၎င်းတို့အနက်မှ တစ်ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မှတ်စုတိုရွေးချယ်ဖြေရန် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့်ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များ သိမ်းဆည်းရန် လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးသည့်အပိုင်းလည်း ပါဝင်နိုင်ပါသည်။ ထို့အပြင် ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများ ပေးထားပြီး တည်နေရာဆိုင်ရာအချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် မေးခွန်းမျိုးလည်း မေးနိုင်ပါသည်။ တွက်ချက်ရန်ပေးသော ပုစ္ဆာသည် အမှတ် ၁၄ မှတ်ဖိုး ဖြစ်နိုင်သကဲ့သို့ ၇ မှတ်တန် ၂ ပုဒ် ဖြေရသည်လည်း ရှိနိုင်ပါသည်။

နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် ၁၄ မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှစူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ် မူတည်ပြီး ဂြိုဟ်တုနှင့်အာရုံခံကိရိယာစနစ်အမျိုးမျိုးရှိသည်။ Grade 12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယား (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့် အချက်များအနက် အိန္ဒိယနိုင်ငံမှလွှတ်တင်ထားသော ဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင်သိမ်းဆည်းရန် ပမာဏမည်မျှလိုမည်နည်း ဆိုသည့်ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမည် ဖြစ်ပါသည်။ IRS LISS 4 နှင့်သက်ဆိုင်သော အချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမည် ဖြစ်သည်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင် ပေးထားသော အချက်အလက်များကို ချရေးရန် ဖြစ်သည်။ ပေးထားချက်များကို ရေးရာတွင် IRS LISS 4 ၏ အချက်အလက်များကို ရေးသားရန်ဖြစ်ပြီး အောက်ပါအတိုင်း ရေးသားနိုင်သည် –

**ပေးထားချက်**။ ။ ဂြိုဟ်တု = IRS

အာရုံခံကိရိယာ = LISS 4

ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ

မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်မှု (တစ်နည်းအားဖြင့် မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ

ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု

အရာဝတ္ထုမှဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်း တွက်သွားရန်ဖြစ်သည်။

**ရှာရန်** ။ ။ ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက် နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူ တွက်ချက်ဖြေဆိုနိုင်မည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သော ပုံရိပ်များကို အတိုင်များ (Columns)၊ အတန်းများ (Rows) ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက်တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel) ဟု ခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုတာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာ ဖြစ်သည်။ ပစ်ဇယ်အရွယ်အစား (Pixel size) သေးသေးဖြင့် မှတ်နိုင်လေ၊ မြေပြင်ပေါ်ရှိ အရာဝတ္ထုများ- ဥပမာ အဆောက်အဦ၊ ကားလမ်း စသည်တို့ကိုပို၍ အသေးစိတ် ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်သည်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက် ပုံရိပ်ကို ပို၍ ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

စာမျက်နှာ ၂၁ သို့ »»

»»» စာမျက်နှာ ၂၀ မှ

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံဆိုတာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိ အခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင်ပေးထားသော IRS LISS 4 မှ ရိုက်ယူသော ပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်မှာ ပစ်ဇယ် အရွယ်အစား ၅.၈ မီတာရှိသော အကွက်များဖြင့် တစ်လိုင်းချင်း မှတ်တမ်းတင်သွားမည်ဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန်လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကို ရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာနှင့်စားရမည် ဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းဖို့လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့်မြှောက်ရမည် (၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့်အရွယ်အစား (Pixel size) ၅.၈ မီတာဖြင့်စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းအရေအတွက် ၄၁၃၈ ကို ရမည်ဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းတစ်တန်းတွင် ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန်လိုသေးသည်။ ၎င်းအရေအတွက်ကိုရှာရန် ပုံရိပ်၏ မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင် ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို မီတာအဖြစ် ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန်ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက် တိုင်အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခုပုစ္ဆာတွင် ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင်အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက်(အတန်း)ရှိသော ပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက်(အတိုင်)ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိအလျားလိုက် တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသော ဒေါင်လိုက် တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင်ပေးထားသည့် IRS LISS 4 တွင် ရောင်စဉ်စုအရေအတွက်သည် ၃ ခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နှင့် ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ x ၄၁၃၈ x ၃ = ၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့်စားက ၅၁. ၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်း ပစ်ဇယ်အရေအတွက် အဖြစ်သာရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့်ပမာဏဟု မေးထားခြင်းဖြစ်သည့်အတွက် ရရှိလာသည့်ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားနိုင်မှုအတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် "ဘစ်"အရေအတွက်ဖြင့် ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင် သိမ်းနိုင်သည့် ပမာဏ (Memory Storage) ကိုလည်း "ဘစ်"၊ "ဘိုက်"၊ "မီဂါဘိုက်" စသည်တို့ဖြင့် ပြလေ့ရှိသည်။ ဒါကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်မှ ဘိုက်**သို့ ယူနစ်ပြောင်းရန်လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက် ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှ ဖြာထွက်လာသောစွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု ၇ ဘစ်အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခု ကို သိမ်းနိုင်သောပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော ပမာဏလည်း ကွဲပြားသည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်) ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့် မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် လိုအပ်သော ပမာဏသည် ၄၅.၂ မီဂါဘိုက်ဆိုသည့် အဖြေကိုရမည် ဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည် –

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အလျား / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ / ၅.၈ မီတာ

(၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အနံ / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ / ၅.၈ မီတာ

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သော ပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် x ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် x ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ x ၄၁၃၈ x ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ် (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် x ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

ထို့ကြောင့် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက်တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ်စာမျက်နှာ ၁၅၈ ရှိ ဇယား ၅.၃ တွင် ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။ ဤအပိုင်းတွင် တွက်ချက်ရသည့် ပုစ္ဆာရှည်များကို အမှတ် ၁၄ မှတ်ဖိုးမေးနိုင်သည်သာမက ဂြိုဟ်တုပုံရိပ်များနှင့် စပ်လျဉ်း၍ တွက်ချက်မှု တစ်စိတ်တစ်ပိုင်းကို ၇ မှတ်တန်အဖြစ်လည်း မေးနိုင်သည်ကို သတိပြုသင့်သည်။


လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များအပိုင်း ဖြစ်ပါသည်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာ အယူအဆအချို့ဖြစ်သည့် တည်နေရာ(Location)၊ ဦးတည်ရာ (Direction)၊ အကွာအဝေး (Distance)၊နေရာ (Space)နှင့် သွားလာရေး (Navigation)တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကို ဖော်ပြသော ဗက်တာ၊ ရာစတာတို့ရဲ့ အခြေခံသဘောတရားကို နားလည်ရန် လိုအပ်သည်။

ဗက်တာအခြေခံ ပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက်အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ အခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ် (တစ်နည်းအားဖြင့် အစက်)ဖြင့် ပြလေ့ရှိသည်။ မျဉ်းတစ်ကြောင်းကို ဖော်ပြရာတွင်မူ ထိုမျဉ်း၏ တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့်ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်း ရှိနိုင်သည်။ ထိုမျဉ်း၏ တည်နေရာကို အစဉ်လိုက်ရှိသော x, y ကိုဩဒိနိတ်များဖြင့် ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၈၈ မှာ ပါရှိသည့်အောက်တွင် ဖော်ပြထားသောပုံကိုပေးထားပြီး ပေးထားသောပုံမှ မျဉ်းပိုင်းများ၏တည်နေရာကို ဖော်ပြပါဟူသော မေးခွန်းမျိုး လေ့ကျင့်ထားသင့်ပါသည်။

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ စမှတ်နှင့်ဆုံးမှတ်များကို မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းစမှတ်နှင့် ဆုံးမှတ်တို့၏ ကိုဩဒိနိတ်အမှတ်များကို ရေးမှတ်ရမည်ဖြစ်သည်။ ဤသို့ဖြင့် မျဉ်းပိုင်း 1, 2, 3, 4, 5, 6 တို့၏ X, Y ကိုဩဒိနိတ်များကို အောက်တွင်ပြထားသည့်အတိုင်း ဇယားတွင် မျဉ်းပိုင်းအလိုက် ဖော်ပြနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသော မျဉ်းပိုင်းအားလုံး၏ ကိုဩဒိနိတ်အမှတ်များကို လွယ်ကူစွာ ဖော်ပြနိုင်မည်ဖြစ်သည်။




| မျဉ်းပိုင်းအမည် | စမှတ် | ဆုံးမှတ် |
|---|---|---|
| 1 | 11 | 12 |
| 2 | 12 | 13 |
| 3 | 12 | 15 |
| 4 | 13 | 15 |
| 5 | 15 | 14 |
| 6 | 15 | 16 |

| မျဉ်းပိုင်းအမည် | X နှင့် Y ကိုဩဒိနိတ်အမှတ်များ |
|---|---|
| 1 | (0,9) (2,9) |
| 2 | (2,9) (8,9) |
| 3 | (2,9)(2,6) (4,4) (4,2) |
| 4 | (8,9)(8,7) (7,5)(6,2) (4,2) |
| 5 | (4,2) (1,2) |
| 6 | (4,2) (4,0) |

ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင်လည်း အခြေခံသီအိုရီသဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာ အခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာ အခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကိုလည်း ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

စာမျက်နှာ ၂၂ သို့ »»»

# သီတင်းကျွတ်အကြို အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သီတင်းကျွတ်အကြို အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနဝင်း အတွင်း၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့ ကျင်းပသည့် သီတင်းကျွတ်အကြို အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းများမှ လုပ်ငန်းရှင် ၇၄ ဦး၏ ထုတ်ကုန်များကို တစ်နေရာတည်းမှာ ရောင်းဝယ်နိုင်ရန်အတွက် ဈေးကွက်တစ်ခုကို ဖန်တီးဖော်ဆောင်ပေးခြင်း ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်အနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ထုတ်ကုန်များကိုပြည်သူများ ပိုမိုသိရှိလာစေရန်၊ အသေးစားစက်မှုလက်မှု ထုတ်ကုန်များကို အရည်အသွေးပိုမိုကောင်းမွန်အောင် ထုတ်လုပ်လာနိုင်စေခြင်းဖြင့် သွင်းကုန်အစားထိုးပစ္စည်းများကိုပြည်သူများသုံးစွဲလာနိုင်စေရန်၊ အသေးစားလက်မှုထည်များထုတ်လုပ်လာနိုင်စေခြင်းဖြင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ဝင်ငွေများတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး သီတင်းကျွတ်အကြို အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ (ရန်ကုန်)ကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြပွဲတွင် ပြသထားသည့် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုကြသည်။

**ခင်းကျင်းပြသ**

သီတင်းကျွတ်အကြို အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကုန်ကြမ်းများဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များကို တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး စားသောက်ကုန်၊ လူသုံးကုန်များ၊လက်မှုအနုပညာပစ္စည်းများ၊ ပြုလုပ်ရာတွင် အခြေခံကုန်ကြမ်းများဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်၊ အုန်းတို့ကို အခြေခံပြီး သစ်အခြေခံပစ္စည်းများဝါးလက်မှုထည်များ၊အုန်းအခြေခံလက်မှုထည်များ၊ ကနုကမာလက်မှုထည်များ၊ကြိမ်ဖြင့်ပြုလုပ်ထားသော လက်မှုထည်များစသည့် လက်မှုအခြေခံကုန်ချောပစ္စည်းများကို ကုန်သွယ်မှုမြင့်တင်သောလုပ်ငန်းကဏ္ဍအနေဖြင့် ယခုပြပွဲတွင် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

**❂ ကျောဖုံးမှ**

ပဲခူး-ကလိ-နောင်ပတ္တရားနှင့် ပဲခူး-ဘုရားကြီး ရထားလမ်းပိုင်းတို့အား အသွား/အပြန် စမ်းသပ်မောင်းနှင်၍ ရထားများသွားလာနိုင်ပြီဖြစ်သဖြင့် အောက်တိုဘာ ၁၄ ရက်မှစတင်ပြီး ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင် လူစီးရထားများ ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

ယနေ့ ရန်ကုန် - မန္တလေးလမ်းပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ထွက်ခွာသော အမှတ် (၅) အဆန် လူစီးအမြန်ရထားတွင် အထက်တန်း/ရိုးရိုးတန်း ခရီးသည် ၂၉၃ ဦးနှင့် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ထွက်ခွာသော အမှတ် (၃) အဆန် လူစီးအမြန်ရထားတွင် အထက်တန်း/ရိုးရိုးတန်းခရီးသည် ၁၅၈ ဦး၊ မန္တလေးဘူတာကြီးမှ မွန်းလွဲ ၃ နာရီတွင် ထွက်ခွာလာသော အမှတ် (၆) အစုန်လူစီးအမြန်ရထားတွင် အထက်တန်း/ရိုးရိုးတန်း ခရီးသည် ၂၂၅ ဦးနှင့် ညနေ ၄ နာရီတွင် ထွက်ခွာလာသော အမှတ် (၄) အစုန်လူစီးအမြန်ရထားတွင် အထက်တန်း/ ရိုးရိုးတန်း ခရီးသည် ၆၈ ဦး လိုက်ပါစီးနင်းခဲ့သည်။

ထို့အတူ ရန်ကုန် – မော်လမြိုင် လမ်းပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာသော အမှတ်(၈၁)အဆန်လူစီး အမြန်ရထားတွင် အထက်တန်း/ရိုးရိုးတန်း ခရီးသည် ၂၇၆ ဦးနှင့် မော်လမြိုင်မှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာလာသော အမှတ် (၈၂) အစုန် လူစီးအမြန်ရထားတွင် အထက်တန်း/ရိုးရိုးတန်း ခရီးသည် ၂၆၀ လိုက်ပါစီးနင်းခဲ့သည်။ ရထားလမ်းပိုင်းရေကြီးနစ်မြုပ်မှုကြောင့် ရထားများ တစ်ပတ်ခန့်ရပ်နားခဲ့ရပြီး ယခု ပုံမှန်ပြန်လည်ပြေးဆွဲပေးရာတွင် ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

---

# ရေကြီးနစ်မြုပ်မှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**ပဲခူး အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ရေကြီးနစ်မြုပ်မှုကြောင့် ခေတ္တပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ကျွန်းသာယာရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဥသာမြို့သစ် ရပ်ကွက်ကြီး(၇) အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းများသို့ ရောက်ရှိပြီး တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းတွင်းရှိ ရေသန့်စင်စက်များ ပြန်လည်ပြင်ဆင်သွားရန်နှင့် လျှပ်စစ်မီးအန္တရာယ် ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားကာ ခေတ်မီကလေးကစားကွင်းများ တပ်ဆင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေါင်းဆေးကျွန်းရပ်ကွက် အဝေရာလမ်း၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ထားသည့် မော်တော်ယာဉ်များဖြင့် ရေသန့် အခမဲ့ ဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ယင်းနောက် ပဲခူးမြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဟံသာဝတီ ရှေးဟောင်းကျုံးအတွင်းရှိ အမှိုက်များ၊ ဗေဒါပင်များအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဧရိယာနှင့် လွတ်ကင်းမှုမရှိသော ထရန်စဖော်မာများအား ရွှေ့ပြောင်းရန်၊ ကျုံးအတွင်း ရေသွင်း/ ရေထုတ်မြောင်းများ ပြန်လည်အဆင့်မြှင့်တင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် ပဲခူးမြို့ ညောင်ဝိုင်းရပ်ကွက်ရှိ ရေကျော်ခဲ့သော ညောင်ဝိုင်းရေတားတာပေါင်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်မှု မရှိစေရေး ရေတားတာပေါင်များ ပြန်လည်အဆင့်မြှင့်တင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားကာ မြို့မဈေးအတွင်း ဆီကုန်သည်များအသင်းက စားအုန်းဆီများ သက်သာသော နှုန်းထားဖြင့် ရောင်းချနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

»»» စာမျက်နှာ ၂၁ မှ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံသည် ယခင်အသုံးပြုခဲ့သော မေးခွန်းပုံစံဟောင်းမှာကဲ့သို့ သင်ရိုးဖတ်စာအုပ်ပါ အခန်းများကို အခြေခံ၍ အပိုင်းများ ခွဲထားခြင်းဖြစ်သည်။ လက်တွေ့ပထဝီဝင် အပိုင်းတွင်သာ ပြောင်းလဲတိုးတက်လာသော ခေတ်မီနည်းပညာများနှင့် လိုက်လျောညီထွေဖြစ်ရန်၊ ကမ္ဘာနှင့်အဝှမ်း ကျယ်ပြန့်စွာ အသုံးပြုနေသည့် နည်းပညာတစ်ခုဖြစ်သော အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များ (Remote Sensing and Geographic Information Systems) ကို စတင်မိတ်ဆက်ပေးထားခြင်းဖြစ်သည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၄ ခုနှစ် သင်ရိုးသစ် တက္ကသိုလ်ဝင် ပထဝီဝင်ဘာသာရပ်မေးခွန်းသည် အလွတ်ကျက်ခြင်းမှ အထိုက်အလျောက်ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရကာ ကျောင်းသားကျောင်းသူအများစု အလွယ်တကူ လေ့လာဖြေဆိုနိုင်သော ဘာသာရပ်အဖြစ်သို့လည်းကောင်း၊ ခေတ်မီ IT နည်းပညာနှင့်ဆက်စပ်ပြီး အသုံးချဘာသာရပ်အဖြစ်သို့ ပြောင်းလဲနိုင်ရေးအတွက်လည်းကောင်း စတင်လိုက်ခြင်း ဖြစ်ပါသည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၄ ခုနှစ် စနစ်သစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူများ အားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲ ရပ်နားလိုက်ပါသည်။ ။



# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၅

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ ယမုံနာဦးဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြသထားသည့် ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဖအောင်ဝဲ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးသည့် ဆင်းသုခစပါးမျိုးများ ထွက်ရှိ

ဒိုက်ဦး အောက်တိုဘာ ၁၅

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးစပါးစိုက်တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးမှုဖြင့် မိုးစပါးများစိုက်ပျိုးခဲ့သည်။

အဆိုပါမြို့နယ်အတွင်းရှိဖအောင်ဝဲရပ်ကွက် ဖအောင်ဝဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ၈၉ ဦး၊ စိုက်ဧက ၃၂၂ ရှိသည့်အနက် အသင်းသား ဦးညွန့်လွင်၏ စိုက်ဧက ၁၀ ဧက၊ ဦးဝင်းမြင့်၏ စိုက်ဧက ၄ ဒသမ ၅ ဧကတို့မှ ဆင်းသုခစပါးမျိုးများကို ယခုလတွင် စတင်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအထွက်နှုန်းတင်း ၈၀ ထွက်ရှိကြောင်း သိရသည်။ သတင်းစဉ်



## တပ်မတော်တွင် စတုတ္ထအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၅

တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုစင်တာ၌ ဆက်လက် ဆောင်ရွက်သည်။



### ခွဲစိတ်ကုသ

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာဒေါ်ညိုညို ထွေးနှင့် တူဖြစ်သူ အသည်းအလှူရှင် ကိုနိုင်လင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံ လူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။

အသည်း အလှူရှင်လူနာနှင့် အသည်းလက်ခံ လူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၅၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၀ | ၂၉၅၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၂၅ | ၂၂၉၀ | ၂၄၁၀ | ၂၄၀၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၅ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၉၀ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၇၅ | ၂၄၂၅ | ၂၄၂၅ | ၂၃၈၅ | ၂၄၂၅ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၉၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၃ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၁၄၆ | ၂၂၁၈ |
| HSD (50 ppm) | ၂၂၅၇ | ၂၃၃၂ |
| HSD (10 ppm) | ၂၂၆၃ | ၂၃၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၃၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၀၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# အိန္ဒိယနိုင်ငံက ၂၀၃၆ ခုနှစ် နွေရာသီအိုလံပစ်ပြိုင်ပွဲကို လက်ခံကျင်းပရန် စိတ်ဝင်စားဟု ဝန်ကြီးချုပ်မိုဒီ ပြောကြား




**မွမ်ဘိုင်း အောက်တိုဘာ ၁၅**

အိန္ဒိယနိုင်ငံသည် ၂၀၃၆ ခုနှစ် နွေရာသီအိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စိတ်ဝင်စားလျက်ရှိကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီက အတည်ပြုပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် အိုလံပစ်ပြိုင်ပွဲကို လက်ခံကျင်းပရန် အလွန်စိတ်ဝင်စားလျက်ရှိကြောင်း အောက်တိုဘာ ၁၄ ရက် ညပိုင်းက မွမ်ဘိုင်းမြို့၌ ကျင်းပသည့် (၁၄၁)ကြိမ်မြောက် နိုင်ငံတကာအိုလံပစ်ကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၉ ခုနှစ် နွေရာသီလူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် လေလံဆွဲရန်လည်း စိတ်ဝင်စားနေကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံအား ၂၀၃၆ ခုနှစ် နွေရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာအိုလံပစ်ကော်မတီ၏ ထောက်ခံမှုအပြည့်အဝရရှိလိမ့်မည်ဟုလည်း ယုံကြည်ထားကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီက အခိုင်အမာပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ဂါဇာကမ်းမြောင်သို့ ဝေဟင်၊ ရေကြောင်းနှင့် မြေပြင်တို့မှ ပေါင်းစပ်စစ်ဆင်ရေးဆင်နွှဲမှုများ လုပ်ဆောင်ရန် အစ္စရေးတပ်မတော် ပြင်ဆင်

**ဂျေရုဆလင် အောက်တိုဘာ ၁၅**

ဂါဇာကမ်းမြောင်သို့ ဝေဟင်၊ ရေကြောင်းနှင့် မြေပြင်တို့မှ ပေါင်းစပ်စစ်ဆင်ရေးဆင်နွှဲမှုများ လုပ်ဆောင်ရန် အစ္စရေးတပ်မတော် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ဟားမတ်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်းကို အစ္စရေးတပ်မတော်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

မြေပြင်စစ်ဆင်ရေးဆင်နွှဲမှုများကို အဆင့်မြင့်ဆောင်ရွက်မည်ဖြစ်ပြီး ဝေဟင်နှင့် ရေကြောင်းတို့မှလည်း တိုက်ခိုက်ရေးအတွက် အဆင်သင့်အနေအထားတွင်ရှိနေကြောင်း ဖော်ပြထားသည်။ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးက မြေပြင်ထိုးစစ်ဆင်မှုများ အဆင့်မြင့်ဆောင်ရွက်ပါက ဒေသခံအများအပြားသေဆုံးနိုင်ဖွယ်ရှိသည်။

လက်ရှိတွင် တိုက်ပွဲများကြောင့် နှစ်ဖက်စလုံးတွင် လူပေါင်း ၃၅၀၀ ကျော် သေဆုံးခဲ့သည်။ အစ္စရေးနိုင်ငံဘက်ခြမ်းတွင် အနည်းဆုံး ၁၃၀၀ သေဆုံးပြီး ဂါဇာကမ်းမြောင်ဒေသတွင် ၂၂၁၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်တွင် အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟုသည် ဂါဇာကမ်းမြောင်နယ်စပ်တစ်လျှောက် တပ်စွဲထားသော တပ်မတော်သားများအား ချီးကျူးစကားပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများသည် အောက်တိုဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီအထိ ဂါဇာကမ်းမြောင်တောင်ပိုင်းသို့ ဘေးကင်းစွာ ထွက်ပြေးနိုင်ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

သို့သော် အစ္စရေးတပ်မတော်က နေ့ရောညပါ ဗုံးခွဲတိုက်ခိုက်မှုများ အဆက်မပြတ်လုပ်ဆောင်လျက်ရှိကြောင်း ဂါဇာတောင်ပိုင်းရှိ ခန်ယုနစ်မြို့တွင် နေထိုင်သော ရှေ့နေ ရာဂျီဆော်ရာနီက အင်န်အိတ်ချ်ကေသတင်းဌာနသို့ တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။ ပြည်သူအများအပြားသည် ဂါဇာတောင်ပိုင်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဂါဇာကမ်းမြောင်ဒေသရှိ ရာဖာမြို့သို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။ ဂါဇာဒေသတွင် လုံခြုံသည့်နေရာမရှိသော်လည်း ယင်းဒေသ၌ပင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသအား ထိန်းချုပ်ထားသည့် ဟားမတ်စ်က အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် နိုင်ငံခြားသား လေးဦးအပါအဝင် ဓားစာခံ ကိုးဦးသေဆုံးခဲ့ကြောင်း ကြေညာခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံမှ ဂျပန်နိုင်ငံသားများကို စစ်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်လာသော တောင်ကိုရီးယားနိုင်ငံအား ဂျပန်အစိုးရက ကျေးဇူးတင်ကြောင်း ပြောကြား

**တိုကျို အောက်တိုဘာ ၁၅**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါ ယိုကိုသည် အစ္စရေးနိုင်ငံမှ ဂျပန်နိုင်ငံသားများကို စစ်လေယာဉ်ဖြင့် ကယ်ဆယ်ပေးခဲ့သော တောင်ကိုရီးယားနိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ကာမီကာဝါ ယိုကိုသည် ယနေ့နံနက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပတ်ခ်ဂျင်နှင့် ဖုန်းဖြင့် ပြောကြားရာတွင် အထက်ပါအတိုင်း ကျေးဇူးတင်စကားပြောဆိုခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်ပဋိပက္ခမှ လွတ်မြောက်လိုသော ၎င်း၏နိုင်ငံသားများကို နေရပ်သို့ပြန်လည်ခေါ်ဆောင်ရန် တောင်ကိုရီးယားတပ်မတော်က ၎င်း၏ကယ်ဆယ်ရေးလေယာဉ်တစ်စင်းကို အစ္စရေးနိုင်ငံ စီးပွားရေးမြို့ တဲလ်အဗစ်သို့ စေလွှတ်ခဲ့သည်။

ယင်းလေယာဉ်ပေါ်တွင် ဂျပန်လူမျိုး ၅၁ ဦးနှင့် အခြားနိုင်ငံခြားသားများလည်း သယ်ဆောင်လာခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် အောက်တိုဘာ ၁၄ ရက်တွင် တဲလ်အဗစ်မြို့မှ ထွက်ခွာပြီး ဆိုးလ်မြို့တော်အနီးရှိ စစ်စခန်းတစ်ခုသို့ ညနေပိုင်းအချိန်တွင် ရောက်ရှိခဲ့သည်။

ယင်းသို့ ဂျပန်နိုင်ငံသားများကို သယ်ဆောင်လာပေးသည့်အတွက် တောင်ကိုရီးယားအစိုးရအား အထူးကျေးဇူးတင်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါ ယိုကိုက တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပတ်ခ်ဂျင်သို့ ပြောကြားသည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့သည် ဆက်လက်၍ နီးကပ်စွာ အဆက်အသွယ်ရှိကာ တိုက်ပွဲများ အရှိန်လျှော့ရန်နှင့် ၎င်းတို့၏ နိုင်ငံသားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်

**ကဘူး အောက်တိုဘာ ၁၅**



အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်စီရင်စု၌ အောက်တိုဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၆ မိနစ်တွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်းက ဆိုသည်။ ငလျင်သက်ရောက်မှုသည် ၆ ဒသမ ၃ ကီလိုမီတာ အနက်ရှိမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် မိနစ် ၂၀ အကြာတွင် ပြင်းအား ၅ ဒသမ ၄ အဆင့်ရှိသော ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း သိရသည်။ မြေငလျင်ကြောင့် တစ်ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ၉၀ ရှိကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၇ ရက်က နိုင်ငံအနောက်ပိုင်းရှိ ဟီရတ်စီရင်စု၌ ပြင်းအား ၆ ဒသမ ၃ ရှိသည့် ငလျင်နှစ်ခု လှုပ်ခဲ့ပြီးနောက်လေးရက်ခန့်အကြာတွင် နောက်ထပ်ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့သည်။

ငလျင်များ ဆက်တိုက်လှုပ်ခတ်မှုကြောင့် ၂၀၀၀ ကျော် သေဆုံးပြီး အိမ်ခြေ ၂၀၀၀ ကျော် ပြိုကျပျက်စီးခဲ့ကြောင်း တာလီဘန် ယာယီအစိုးရက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်နိုင်ငံက လှူဒါန်းသော ငလျင်ကယ်ဆယ်ရေးအထောက်အပံ့များ အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်ရှိ

**ဟီရတ် အောက်တိုဘာ ၁၅**

တရုတ်နိုင်ငံအစိုးရက လှူဒါန်းသော ငလျင်ကယ်ဆယ်ရေး အထောက်အပံ့များအဖြစ် ပေးပို့သည့် ပထမအသုတ်ကယ်ဆယ်ရေးပစ္စည်းများသည် ယနေ့နံနက်ပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်းနှင့် အဆိုပါပစ္စည်းများကို လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် ရွက်ဖျင်တဲများနှင့် ခုတင်များအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများကို လေဆိပ်ရှိ တရုတ်ကုန်တင်လေယာဉ်နှစ်စင်းက သယ်ဆောင်ပေးခဲ့ကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံအစိုးရသည် ငလျင်ဒဏ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဖဂန်နစ္စတန်နိုင်ငံအား အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရန် ကတိပြုထားကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာနခွဲ ဝန်ထမ်းများနှင့် စာဖတ်ဝိုင်းပြုလုပ်

သံတွဲ အောက်တိုဘာ ၁၅

သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာနခွဲ ယနေ့မွန်းတည့် ၁၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။

**ပြောကြား**

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာကြည်က တာဝန်ယူဆောင်ရွက်နေကြသော ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းများ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာအုပ်ပါ အချက်အလက်၊ ညွှန်ကြားချက်များအားသိရှိနားလည်ပြီး စာကြည့်တိုက်လုပ်ငန်းများကို မှန်ကန်မြန်ဆန်စွာဖြင့် ထိရောက်အောင်မြင်လာစေရန်ရည်ရွယ်၍ ယခုလို စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်မေမွန်ထွဋ်က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာအုပ်ပါ "ပြန်/ဆက်စာကြည့်တိုက်၏ရည်ရွယ်ချက်နှင့် စာကြည့်တိုက်အမျိုးအစားများ"၊ ရုပ်/သံ-၃ ဒေါ်ခင်သီတာဝင်းက "စာကြည့်တိုက်၏ အဓိပ္ပာယ်"၊ ရုပ်/သံ-၃ ဒေါ်အေးအေးဝင်းက "စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း"၊ အငယ်တန်းစာရေး ဒေါ်ခွန်းဆက်သင်းက "စာကြည့်တိုက်ပညာ"ခေါင်းစဉ်များကို ဖတ်ကြားခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူးက ခေါင်းစဉ်တစ်ခုချင်းအလိုက် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများသို့ ရောက်ရှိပြီး ရုံး၊ ဝန်ထမ်းအိမ်ရာ၊ ယန္တရားဂိုဒေါင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ သင်တန်းခန်းမ၊ စာသင်ဆောင်များ အခြေအနေနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်း၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ပေးထားသော တစ်ဖက်ပိတ်ရေလှောင်တမံနှင့် လေယာဉ်ပြေးလမ်းမြေထိန်းနံရံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု မော်တုံးကြီး-တောင်သုံးလုံး ကျေးရွာချင်းဆက်မြေသားလမ်း ၁၁ မိုင်အနက် ကျန်ရှိသည့် သုံးမိုင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်


### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-၄၃၊ လူနေရပ်ကွက်အမှတ်(ထ/၁၆)ရပ်ကွက်၊ သီတာ(၁)လမ်း၊ မြေကွက်အမှတ်(၈၄၇-က+ခ)ဟုခေါ်တွင်သော အကျယ်ပေ(၄၀x၆၀)၏ ပါမစ်မူရင်း ကိုင်ဆောင်ပြီး ခွဲခြမ်းစိတ်ဖြာကာ ခြေရင်းဘက်အခြမ်းဖြစ်သော အမှတ်(၈၄၇/က)၊ အကျယ်ပေ(၂၀x၆၀)အား ခွဲစိတ်ရောင်းချပိုင်ခွင့်ရှိပြီး ဆက်စပ်စာချုပ်များ ကိုင်ဆောင်လက်ဝယ်ရှိသူ ဦးကျော်စည်သူ[၁၂/အစန(နိုင်)၁၈၉၂၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ရီရီမြင့်[၁၂/ဥကတ(နိုင်)၁၆၂၂၃၈]နှင့် ဒေါ်မြင့်စန္ဒာဌေး [၁၂/ဥကတ(နိုင်)၂၀၀၃၆၉]တို့မှ အပြီးအပြတ် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံလာရောက် ဆက်သွယ်အကြောင်းကြားပါရန် ယနေ့မှစတင်၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၇၄၁၃၃၂၊ ၀၉-၄၂၉၁၃၇၈၄၃**

### အမည်ပြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Year 4(or) Primary 4 EDUSN Digital School တွင်ပညာသင်ကြားနေသော (ဘ)ဦးညီလင်းထိုက် [၇/နတလ(နိုင်)၁၁၄၃၄၀]၏ သား မောင်ကျော်စည်သူအား မောင်ဟိန်းအောင်သူဟု ခေါ်ပါရန်။

**ဟိန်းအောင်သူ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၇/ စက်ရုံရွာမ)၊ ဦးပိုင်အမှတ်(ခ/၁၉၉)၊ ဧရိယာ(၀.၀၆၉)ဧကရှိ မြေနေရာသည် သရက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(Serial No. ၀၉၈/ ၁၉၉၈)အရ ( ၁၆-၃-၁၉၉၈) ရက်နေ့မှ (၁၅-၃-၂၀၂၈)ရက်နေ့အထိ ဦးခင်အောင် [၈/ မထန(နိုင်) ၀၅၉၃၃၀] အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားသော မြေဖြစ်ပြီး ဦးခင်အောင်မှာ(၂၅-၂-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အုန်းရီမှ အောင်လံမြို့နယ်တရားရုံး၏ စာချုပ်အမှတ်-(၄၅/၂၀၂၃)ဖြင့် ဦးခင်အောင်(ကွယ်လွန်)၏ အမွေဆက်ခံခွင့်ရှိသူ တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်ဆို၍ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် -(၄၆/၂၀၂၃)ဖြင့် မှတ်ပုံတင်ပြီး ၎င်းအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ချထားပေးနိုင်ပါရန် အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူး(ကော်လိတ္တော်အရာရှိ)**
**အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ


### အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၉)ရပ်ကွက်၊ ရတနာစမ်းချောင်းလမ်း၊ အမှတ်(၈၀)ရှိ မြေနှင့်တကွ အဆိုပါမြေပေါ်၌ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အဆောက်အဦ ၎င်းအိမ်နှင့်အတူ ဖွင့်လှစ်ထားသော ငွေဒေါင်းဖြူ(စားသောက်ဆိုင်)တို့ကို ဖခင်ဖြစ်သူ ဦးကျော်ကျော်ထူးက ၎င်း၏သမီးအရင်းဖြစ်သူ မပြည့်ဖြိုးကျော်သို့ အမွေအဖြစ်လွှဲပြောင်းပေးအပ်ခြင်း ကတိစာချုပ်ဖြင့်(၂၀-၁-၂၀၂၁)ရက်နေ့တွင် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျွန်ုပ်၏အမှုသည် "မပြည့်ဖြိုးကျော်" မှလည်း လက်ရောက်ရရှိပြီးဖြစ်ပါသည်။

အဆိုပါအမွေပေးခြင်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးလှိုင်**
**အထက်တန်းရှေ့နေ**
**B.A(Myanmar), M.A(Q), H.G.P(8213)**
**အမှတ်(၂၈)၊ ကမ်းနားလမ်း၊ (၈)ရပ်ကွက်၊ ဓနုဖြူမြို့။**
**ဖုန်း-၀၉-၇၇၇၇၂၄၃၆၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ လူနေရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၀၁၃(က)၊ မြေအမျိုးအစား-နှစ်(၆၀) မြေငှားဂရန်၊ အကျယ်အဝန်း(အလျား ၆၀ပေ x အနံ ၂၀ ပေ) မြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၇)လမ်း၊ အမှတ်-၁၀၁၃(က)၊ တစ်ခန်းတည်း (၅)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် ရေ၊ မီးစုံ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား အရှုပ်အရှင်းကင်းပြီး တရားဝင် ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းလင်းအောင် (ဘ) ဦးတင်စိန် [၁၂/ဥကတ(နိုင်)၁၃၂၃၉၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းထွန်း (ဘ) ဦးစံရှိန်း [၇/ပမန(နိုင်)၁၃၂၅၃၀]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်အောင် LL.B, DBL, DIL, DML**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၇၁၈ (၁၅-၆-၂၀၁၇)**
**အမှတ်-၁၅၃/ဘီ၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၃၀၉၁၉**


## စာပေမြင့်မှ လူမျိုးတင့်မည်


### ဦးမိုးကျော်ဦး[၁၂/လမန(နိုင်)၀၀၀၆၂၀]၊ အဖ-ဦးကျော် နှင့် အများသိစေရန် အသိပေးတောင်းဆိုသည့်ကြော်ငြာ

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၂)လမ်း၊ အမှတ်(၂၈၁)တွင် နေထိုင်သူ ဦးမောင်ထွန်းမြင့် [၁၁/မတန(နိုင်) ၀၀၈၁၉၃] ၏ညွှန်ကြားချက်အရ - လူကြီးမင်းသည် ကျွန်ုပ်၏ မိတ်ဆွေ ဦးမောင်ထွန်းမြင့်ထံတွင် လွန်ခဲ့သော (၅)နှစ်ခန့်က အလုပ်လုပ်ကိုင်သည့် ဝန်ထမ်း(လူယုံ)တစ်ဦးဖြစ်သည်ဟု သိရှိရပါသည်။ လူကြီးမင်း အလုပ်လုပ်ကိုင်နေစဉ် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော အထက်ဖော်ပြပါ အိမ်တွင် လူကြီးမင်းအား နေထိုင်ခွင့်ပြုထားခဲ့ပြီး မီးခံသေတ္တာသော့ကအစ အပ်နှံထားသည်ဟုသိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ထွန်းမြင့်သည် ၎င်း၏ဇာတိ ရခိုင်ပြည်နယ်၊ မောင်တောမြို့သို့ သွားရောက်နေစဉ် (၉)လပိုင်းအစတွင် လူကြီးမင်းနှင့် အဆက်အသွယ်မရတော့ကြောင်း သိရပါသည်။

၂။ ကျွန်ုပ်၏ မိတ်ဆွေ ဦးမောင်ထွန်းမြင့်သည် လူကြီးမင်းအား ဆက်သွယ်၍မရသဖြင့် ရန်ကုန်မြို့ မိမိနေအိမ်သို့ ပြန်လာပြီး စစ်ဆေးခဲ့ရာ လူကြီးမင်းသည် အောက်ဖော်ပြပါ တန်ဖိုးရှိစာမှတ်စာတမ်းများကို ယူဆောင်သွားကြောင်း သိရှိရပါသည်။

(က) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၇၁)၊ ဧရိယာ (၀.၀၅၉) ဧက၊ (၂၈၅၀)စတုရန်းပေ၊ ပေ(၄၀x ၆၀)အကျယ်အဝန်းရှိ ဒေါ်သိန်းရွှေ အမည်ပေါက်သည့် နှစ်(၆၀)ဂရန် မြေမျိုး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦတို့၏ ဂရန်မူရင်း၊ အဆက်အစပ်စာချုပ်စာတမ်းမူရင်းများ။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘောသပြေကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၀၅)၊ ဦးပိုင်အမှတ်(၅၄)၊ ဒေါ်မိနန်း အမည်ပေါက်သည့် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသည့် ဧရိယာ(၁၂.၂၉)ဧကထဲမှ မခွဲစိတ်ရသေးသော ဧရိယာ (၆) ဧကကို ဝယ်ယူထားသော စာချုပ်မူရင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)စာအုပ်မူရင်း၊ ပုံစံ(၁၀၅)မူရင်း။

(ဂ) တန်ဖိုးငွေကျပ် (၃)သိန်းတန် Rado အမျိုးအစား နာရီ(၄)လုံး။ တန်ဖိုးငွေကျပ်(၁)သိန်းတန် ကော်ဇော(၂)ချပ်။

(ဃ) ဦးထွန်းမြင့်သိန်း၏ နိုင်ငံကူးလက်မှတ်မူရင်း။

၃။ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ထွန်းမြင့် မသိရှိဘဲ အထက်ဖော်ပြပါ အဖိုးတန်စာရွက်စာတမ်းနှင့် ပစ္စည်းများကို ယူဆောင်သွားခဲ့ရာ ဦးမောင်ထွန်းမြင့်က ဆရာတပည့်ဖြစ်နေသောကြောင့် အဆိုပါပစ္စည်းများကို (၃၁-၁၀-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ပေးအပ်ရန်၊ အဆိုပါပစ္စည်းများအား လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း မပြုရန် မေတ္တာရှေ့ထားပြီး အသိပေးတောင်းဆိုလိုက်ပါသည်။

၄။ သို့ပါ၍(၃၁-၁၀-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်အပ်နှံခြင်းမရှိပါက လူကြီးမင်းအား တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်ပြီး၊ ဦးမိုးကျော်ဦး ထံမှ အထက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူ၊ ပေါင်နှံ၊ လက်ခံထားသူများကိုပါ တစ်ပါတည်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးမိုးကျော်ဦးနှင့် သက်ဆိုင်သူ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၇၃)**
**အမှတ်-၁၆၊ မြေညီ၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၅၁၇၁**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီးရပ်ကွက်၊ (၁၆၇)လမ်း၊ အမှတ်(၃၉) (ပထမထပ်)(အေ) ရှိ MYANMAR MANPOWER LINK CO.,LTD (Registration No- 107042156)(ကုမ္ပဏီ၏ကိုယ်စား ဒေါ်တင်အေးမင်း [၁၂/ တကန(နိုင်)၁၆၃၈၆၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ MYANMAR MANPOWER LINK CO.,LTD သည် ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားပြီး ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ရပ်တည်နေသော ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ တစ်ခုဖြစ်ပါသည်။

၂။ မြန်မာလုပ်သားများအား နိုင်ငံခြားသို့ပို့ဆောင်ပေးခြင်း၊ သင်တန်းများပို့ချပေးခြင်း၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ စာရွက်စာတမ်းကိစ္စများ ဆောင်ရွက်ခြင်းနှင့် ငွေကြေးကိစ္စများ ဆောင်ရွက်ရာတွင် MYANMAR MANPOWER LINK CO.,LTD ၏ တာဝန်ရှိသူများမှသာ ကုမ္ပဏီ၏ ကိုယ်စားတိုက်ရိုက် ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီနှင့် ပတ်သက်စပ်ဆိုင်ခြင်း မရှိသော အခြားမည်သည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ဆောင်ရွက်ချက် တစ်စုံတစ်ရာကိုမျှ MYANMAR MANPOWER LINK CO.,LTD မှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါ။

၃။ ၎င်းအပြင် MYANMAR MANPOWER LINK CO.,LTD ၏အမည်အားအသုံးပြု၍ အလွဲသုံးစားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန် ဆောင်ရွက်ခြင်း၊ နာမည်ဂုဏ်သတင်းထိခိုက်စေရန် ပြုလုပ်ခြင်း၊ ငွေကြေးများလိမ်လည်ရယူခြင်းများရှိခဲ့ပါက ပြုလုပ်ဆောင်ရွက်ခဲ့သူများအား ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**MYANMAR MANPOWER LINK CO.,LTD ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မိ ( LL.B )**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၈၃၅**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၇၄၀၄**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၁၀၇/က)၊ ၁၂၀၀/စပေ၊ မြေကွက်တည်နေရာအမှတ်(၁၀၇/က)၊ သဗ္ဗာ(၁၁)လမ်း၊ (င) ရပ်ကွက်၊ ဦးကျော်မြင့် SDG-086347-(၁၂/ဥကမ(နိုင်)၁၀၂၀၈၄) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးကျော်မြင့်ထံမှ (၁-၅-၂၀၂၀)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးမျိုးသက်ဦး+ဒေါ်မြင့်မြင့်ဝင်းတို့မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၄/၂၀၂၃ ဖြင့် ဦးကျော်မြင့် အပေါ်ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ၂၈-၄-၂၀၂၃ ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၂၁/၂၀၂၃ (၂-၆-၂၀၂၃) ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ်စာရေးကြီး ဒေါ်သူဇာ(၆/ထဝန(နိုင်)၀၂၆၃၄၃)မှ ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


## ပူနွေးကမ္ဘာ တားဆီးရာ မြေရှာတစ်ခု တောပြုစု

# မွေးနေ့ရက်မြတ်မင်္ဂလာဆုတောင်း

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော ဒေါ်မာလာဝင်း Chairwoman of UMG Group of Companies ၏ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်သောမိသားစုနှင့် အတူတကွ သက်ရှည်ကျန်းမာပျော်ရွှင် အောင်မြင်စွာဖြင့် UMG Group of Companies ၏ ကောင်းကျိုးနှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်ပေးနိုင်ပါစေကြောင်း UMG Board of Directors နှင့် ဝန်ထမ်း မိသားစုများမှ လှိုက်လှဲစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

UMG
Relentless Pursuit Of Excellence

**UMG Board of Directors နှင့် ဝန်ထမ်းမိသားစုများ**
**UMG Group of Companies**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၂၃) /၃၉.C လမ်း၊ ၅၄x၅၅ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးအောင်ခင် [၉/မနမ(နိုင်)၀၄၂၇၈၆]၊ WMDY-၃၀၃၅၉၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၁၁/၂၀၀၅) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖိုးပါ [၉/မနမ(နိုင်)၀၄၂၈၁၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ်(ဒ-၂)၊ ဦးပိုင်အမှတ်(၇၇)၊ /၆၄.Aလမ်း၊ ၃၇.A နှင့် ၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဆန်းဝင်းလှိုင် [၉/သစန(နိုင်)၀၁၉၅၆၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၀၁/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထက်မြက်ထွန်း [၉/အမဇ(နိုင်)၀၁၅၀၃၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

